# ရှင်ယာကုပ် ဩဝါဒစာ

## သင်ခန်းစာ နှစ်

## ဉာဏ်ပညာလမ်းစဉ် နှစ်ခု

Manuscript

thirdmill
Biblical Education. For the World. For Free.

တတိယ ထောင်စုနှစ် အမှုတော်များ၊ ၂၀၁၂

မူပိုင်ခွင့် အားလုံးကန့်သတ်ထားပြီးဖြစ်သည်။ ဤစာအုပ်၏ မည်သည့် အပိုင်းကဏ္ဍကို မဆို ပညာနှင့် အရည်အသွေး သို့မဟုတ် ပြန်လည် ဆန်းစစ်ခြင်း သို့မဟုတ် ထင်မြင် သုံးသပ်ချက်ပေးခြင်း ရည်ရွယ်ချက်များအတွက် အတိုချုံး ကိုးကားမှု ပြုသည်များမှ လွဲ၍ ထုတ်ဝေသူ တတိယထောင်စုနှစ် အမှုတော်များ အင်ကော်ပိုရိတ်တက် 316 Live Oaks Blvd., Casselberry, Florida 32707 ၏ စာဖြင့် ရေးသား ခွင့်ပြုထားချက် မပါရှိဘဲ မည်သည့် ပုံစံ၊ မည်သည့် နည်းလမ်းဖြင့် ဖြစ်စေ အမြတ်အစွန်း ရရန် အလို့ငှာ ကူးယူ၊ ပွားများခြင်း မပြုရပါ။

တစ်နည်းနည်းနှင့် မပြထားလျှင် ကျမ်းအကိုးအကား အားလုံးသည် Good News Publishers ၏ အမှုတော်တစ်ခုဖြစ်သော Crossway ၏ 2001 ခုနှစ် ထုတ် ESV (English Standard Bible) သမ္မာကျမ်းစာမှ ဖြစ်ပါသည်။ ခွင့်ပြုချက်ဖြင့် အသုံးပြုထားပါသည်။ မူပိုင်ခွင့် အားလုံး ကန့်သတ်ထားပြီး ဖြစ်ပါသည်။

## သာ့ဒ်မစ်လ် အကြောင်း

၁၉၉၇ ခုနှစ်တွင် တည်ထောင်ခဲ့သော သာ့ဒ်မစ်လ် သည်အမြတ်အစွန်းကို အဓိက မထားသော ဧဝံဂေလိ ခရစ်ယာန် အမှုတော် တစ်ခု ဖြစ်ပါသည်။ သာ့ဒ်မစ်လ်က ပေးအပ်ရန် ရည်စူးထားသည်မှာ-

ကမ္ဘာကြီးအတွက် အခမဲ့ သမ္မာကျမ်းစာ ပညာရေး

ကျွန်ုပ်တို့၏ ပန်းတိုင်မှာ ကမ္ဘာတလွှားရှိ အမှုတော်အတွက် လုံလောက်သော လေ့ကျင့်ရည် ချို့တဲ့ကင်းမဲ့သည့် သင်းအုပ်နှင့် ခရစ်ယာန် ခေါင်းဆောင် ထောင်ပေါင်း များစွာအား အခမဲ့ ခရစ်ယာန် ပညာရေးကို ပေးကမ်းရန် ဖြစ်ပါသည်။ ပြိုင်ဖက်ကင်းသော မီဒီယာစုံသင် စာသင်တိုက် သင်ရိုးကို အင်္ဂလိပ်၊ အာရဗီ၊ တရုတ်၊ ရုရှ နှင့် စပိန် ဘာသာစကားများဖြင့် ထုတ်လုပ်ပြီး ကမ္ဘာ အနှံ့ ဖြန့်ဝေခြင်းအားဖြင့် ဤပန်းတိုင်ကို ကျွန်ုပ်တို့ ဖြည့်ဆည်းနေပါသည်။ ကျွန်ုပ်တို့၏ သင်ရိုးကို ကျွန်ုပ်တို့၏ မိတ်ဖက် အမှုတော်များအားဖြင့် အခြားသော ဘာသာစကား တစ်ဒါဇင်ကျော်သို့ ပြန်ဆိုလျက် ရှိပါသည်။ သင်ရိုးတွင် ရုပ်ပုံများက ထိန်းကျောင်းသော ဗီဒီယိုများ၊ ပုံနှိပ်ထားသော ညွှန်ကြားချက်များ နှင့် အင်တာနက် အရင်းအမြစ်များ ပါဝင်ပါသည်။ ၎င်းကို ကျောင်းများ၊ အုပ်စုများ၊ တစ်ဦးချင်း ပုဂ္ဂိုလ်များ၊ အွန်လိုင်းတွင်သာမက သင်ယူလေ့လာသော လူ့အဖွဲ့အစည်းများတွင်ပါ အသုံးပြုနိုင်အောင် ပုံစံဆွဲထားပါသည်။

နှစ်ပေါင်းများစွာအတွင်း အကောင်းဆုံး ပါဝင် ပစ္စည်းနှင့် အရည်အသွေး ရှိသော ဆုရ မီဒီယာစုံသင် သင်ခန်းစာများကို အလွန်ပင် တွက်ချေကိုက်စွာ ပြုစုထုတ်လုပ်ပေးသည့် နည်းစနစ်တစ်ခုကို ကျွန်ုပ်တို့ တိုးတက်ဖွံ့ဖြိုးလာစေခဲ့ပြီး ဖြစ်ပါသည်။ ကျွန်ုပ်တို့၏ စာရေးသူများနှင့် အယ်ဒီတာများသည် ဓမ္မပညာပိုင်းဆိုင်ရာ လေ့ကျင့်မှု ရှိထားပြီးသော ပညာပေးသူများ ဖြစ်ပါသည်။ ကျွန်ုပ်တို့၏ ဘာသာပြန်ဆိုသူများသည်လည်း သူတို့၏ ဦးတည် ဘာသာစကားများ၌ ဓမ္မပညာပိုင်းဆိုင်ရာ ကျွမ်းကျင်

လိမ္မာသော ဒေသစကားပြောသူများ ဖြစ်ကြပါသည်။ ကျွန်ုပ်တို့၏ သင်ခန်းစာများတွင်လည်း ကမ္ဘာတလွှားမှ ထောင်ပေါင်းများစွာသော ဂုဏ်အသရေ ရှိ စာသင်တိုက် ပါမောက္ခများနှင့် သင်းအုပ်ဆရာများ၏ ထိုးထွင်းအမြင်များ ပါဝင်ပါသည်။ ဖြည့်စွက်ပြောရလျှင် ကျွန်ုပ်တို့၏ ရုပ်ပုံ ဒီဇိုင်နာများ၊ ပန်းချီဆရာများ၊ ထုတ်လုပ်သူများသည် လုံးဝဥဿုံ ခေတ်မှီသော ကရိယာများနှင့် နည်းလမ်းများကို သုံး၍ အမြင့်ဆုံး ထုတ်လုပ်မှု ဆိုင်ရာ စံနှုန်းများကို လိုက်နာထားပါသည်။

ကျွန်ုပ်တို့၏ ဖြန့်ချိရေး ဆိုင်ရာ ပန်းတိုင်များကို ပြီးမြောက်ရန် အတွက် သာ့ဒ်မစ်လ် အနေဖြင့် အသင်းတော်များ၊ စာသင်တိုက်များ၊ ကျမ်းစာကျောင်းများ၊ သာသနာပြုများ၊ ခရစ်ယာန် အသံလွှင့်သူများ၊ ဂြိုလ်တု ရုပ်မြင်သံကြား ဝန်ဆောင်မှုပေးသူများ၊ အခြားသော အဖွဲ့အစည်းများနှင့် မဟာဗျူဟာကျသော မိတ်ဖက်ဖြစ်မှုကို အခိုင်အမာ ပြုလုပ်ထားပါသည်။ ဤ ဆက်နွယ်မှုများကြောင့် ဒေသခံခေါင်းဆောင်များ၊ သင်းအုပ်ဆရာများ၊ စာသင်တိုက် စာသင်သားများသို့ ဗီဒီယို သင်ခန်းစာ အမြောက်အများကို ဖြန့်ဝေပေးနိုင်ခဲ့ပြီး ဖြစ်ပါသည်။ ကျွန်ုပ်တို့၏ ဝက်ဘ်ဆိုက်များ သည်လည်း ဖြန့်ချိရေး လမ်းကြောင်းများ အဖြစ် အသုံးတည့်နေသလို သင်၏ ကိုယ်ပိုင် လေ့လာသင်ယူ လူ့အဖွဲ့အစည်းကို မည်သို့ စတင်ရမည် ဆိုသည်နှင့် သက်ဆိုင်သည့် သင်ခန်းစာ ပစ္စည်းများ အပါအဝင် ကျွန်ုပ်တို့၏ သင်ခန်းစာများကို ထပ်ဆောင်းဖြည့်ဆည်းပေးရန် အတွက် နောက်ထပ် လိုအပ်သော ပစ္စည်းများကိုလည်း ပေးကမ်းပါသည်။

သာ့ဒ်မစ်လ်ကို အိုင်အာရ်အက်စ်က ကော်ပိုရေးရှင်း 501 C (3) အဖြစ်ဖြင့် အသိအမှတ်ပြုထားပါသည်။ ရက်ရောသည့် အသင်းတော်များ၏ အခွန်လွတ်ငြိမ်းခွင့် ရထားသည့် အလှူငွေများ၊ ဖောင်ဒေးရှင်းများ၊ စီးပွားရေး လုပ်ငန်းများနှင့် တစ်ဦးချင်း ပုဂ္ဂိုလ်များအပေါ်တွင် ကျွန်ုပ်တို့ အမှီပြုပါသည်။ ကျွန်ုပ်တို့၏ အမှုတော် အကြောင်း ပိုမိုသိရှိရန်နှင့် သင်မည်သို့ ပါဝင်နိုင်ကြောင်း လေ့လာရန် ကျေးဇူး ပြု၍ www.thirdmill.org သို့ ဝင်ရောက်ကြည့်ရှုနိုင်ပါသည်။

# မာတိကာ


နိဒါန်း ........ 1

တွေးခေါ်ဉာဏ်ပညာ ........ 2

**လိုအပ်ချက်** ........ 3

စုံစမ်းနှောင့်ယှက်ခြင်းများ၏ စိမ်ခေါ်မှု ........ 4

အထူးထူးအပြားပြား စုံစမ်းနှောင့်ယှက်ခြင်းများ ........ 5

**လမ်းညွှန်မှု** ........ 8

စစ်ကြော စုံစမ်းခြင်း ........ 8

သည်းခံခြင်း ........ 9

ရင့်ကျက်ခြင်း ........ 10

ဆုလာဘ် ........ 12

**ယုံကြည်ခြင်း** ........ 14

လက်တွေ့ဉာဏ်ပညာ ........ 17

**လိုအပ်ချက်** ........ 18

မြေကြီး ........ 20

အထက်အရပ်မှ လာသော ပညာ ........ 22

**လမ်းညွှန်မှု** ........ 24

ဘုရားသခင့် ပညတ်တော် စံနှုန်း ........ 24

ဘုရားသခင့် ပညတ်တော်၏ ဦးစားပေးအရာများ ........ 28

**ယုံကြည်ခြင်း** ........ 31

ယုံကြည်ခြင်းနှင့် အကျင့် ........ 31

ယုံကြည်ခြင်းနှင့် ဖြောင့်မတ်ရာသို့ ရောက်ခြင်း ........ 33

နိဂုံး ........ 37





ဗီဒီယိုများ၊ သင်ခန်းစာ လမ်းညွှန်များ နှင့် အခြား အရင်းအမြစ်များအတွက် thirdmill.org တွင် သဘ့ဒ်မစ်လ်ကို ဝင်ကြည့်နိုင်ပါသည်။

# နိဒါန်း

ကျွန်ုပ်တို့အားလုံးသည် ရှုပ်ထွေးပြီး စိတ်ဓာတ်ကျဖွယ်ရာ စိမ်ခေါ်ချက် အခြေအနေများနှင့် တစ်ချိန်မဟုတ်တစ်ချိန် ကြုံတွေ့ဖူးကြသည်။ ထိုအခြေအနေများအတွင်း အမှန်တကယ် ဘာဖြစ်နေသည်ကို နားလည်ပြီး ကျွန်ုပ်တို့ကို လက်တွေ့လိုက်နာဖွယ် အကြံဉာဏ်များပေးနိုင်သည့် မိတ်ဆွေတစ်ဦးကို ရှာတွေ့ဖို့ ကျွန်ုပ်တို့ တောင့်တကြမြဲဖြစ်သည်။ ထိုသို့သော မိတ်ဆွေသည် ကျွန်ုပ်တို့အား ကြီးမားသည့် ဝမ်းမြောက်မှုကို ပေးမည့် ဉာဏ်ပညာ၏ အရင်းအမြစ် ဖြစ်ပါလိမ့်မည်။

ရှုထောင့်စုံမှ ကြည့်ပါလျှင် ဓမ္မသစ် ယာကုပ်စာစောင်ကို ပထမဆုံး လက်ခံရရှိခဲ့သည့် ကနဦး ခရစ်ယာန်များအတွက် ၎င်းအရာ ဖြစ်လာခဲ့ပုံမှာ ဤသို့ဖြစ်သည်။ သူတို့အများစုကို ရှုပ်ထွေးပြီး စိတ်အားလျော့ ကျန်ရစ်စေသည့် စိမ်ခေါ်ချက် အခြေအနေများအား သူတို့ ကြုံခဲ့ရသည်။ သို့ဖြစ်၍ သူတို့အား ဉာဏ်ပညာကို ပေးရန် ယာကုပ် ရေးသားခဲ့ခြင်း ဖြစ်သည်။ သူတို့၏ အခြေအနေများအတွက် ဘုရားသခင် ပြင်ဆင်ထားသော အကြံအစည်ကောင်းများအကြောင်း သူတို့ကို သတိပေးရန် သူရေးသားခဲ့ခြင်း ဖြစ်သည်။ သူတို့ လိုက်နာရမည့် စိတ်ချရသည့် လမ်းညွှန်ချက်များကို ဘုရားသခင် ပေးထားကြောင်း သူတို့အား သူသိစေခဲ့သည်။ ဘုရားသခင့် ဉာဏ်တော်ကို သူတို့ခံယူရရှိမည်ဆိုပါက ကြီးကျယ်သော ဝမ်းမြောက်ခြင်းကို သူတို့ခံစားရမည်ဖြစ်ကြောင်း သူတို့အား သူ စိတ်ချစေခဲ့သည်။

ဤအချက်သည် *ရှင်ယာကုပ်ဩဝါဒစာ* အကြောင်း ကျွန်ုပ်တို့ သင်ခန်းစာ စာစဉ်ထဲက ဒုတိယမြောက် သင်ခန်းစာဖြစ်ပြီး ယာကုပ်ဩဝါဒစာတစ်ခုလုံးကို ပေါင်းစည်းထားသော အာဘော်များထဲမှ အဓိကကျသော အာဘော်တစ်ခု အပေါ် စူးစိုက်ထားသည်။ ဤသင်ခန်းစာအား “ဉာဏ်ပညာ လမ်းစဉ် နှစ်ခု” ဟု ကျွန်ုပ်တို့ ခေါင်းစဉ်ပေးထားပါသည်။ အကြောင်းမှာ ကနဦး အသင်းတော်သို့ ဘုရားသခင်ထံမှလာသော ဉာဏ်ပညာ နှစ်မျိုးအား ဤစာအုပ်က မည်သို့ ပေးထားကြောင်းကို ကျွန်ုပ်တို့ လေ့လာဖော်ထုတ်သွားမည် ဖြစ်သောကြောင့်ပင်။ ထို့ပြင် ယနေ့ ကျွန်ုပ်တို့ ခရစ်တော် နောက်လိုက်များအနေဖြင့် ကျွန်ုပ်တို့အတွက် အလားတူ လမ်းညွှန်ချက်များအား ယင်းစာစောင်က မည်သို့ပေးနေကြောင်းကိုလည်း ကျွန်ုပ်တို့ လေ့လာကြပါမည်။

ရှေ့တွင် ပြီးခဲ့သော သင်ခန်းစာမှာပါသော ယာကုပ်ဩဝါဒစာ ဖွဲ့စည်းမှုနှင့် ပါဝင်အကြောင်းအရာ နှစ်ခုလုံးက ပထမ ရာစုနှစ်ကာလ အများသိကြသည့် ဂျူး ဉာဏ်အလင်းပြ စာပေကို ထင်ဟပ်နေသည်။ စာစောင်၏ မူလ ရည်ရွယ်ချက် ကို ယခုလို ကျွန်ုပ်တို့ အကျဉ်းချုပ် ဖော်ပြနိုင်သည်။

> ယာကုပ်၏ ပရိသတ်တို့သည် သူတို့၏ စုံစမ်းနှောင့်ယှက်မှု
> ကြုံတွေ့ချိန်ခါများအတွင်း စစ်မှန်သော ဝမ်းမြောက်ခြင်း ခံစားနိုင်ရန်အတွက်



ဗီဒီယိုများ၊ သင်ခန်းစာ လမ်းညွှန်များ နှင့် အခြား အရင်းအမြစ်များအတွက် thirdmill.org တွင် သာ့ဒ်မစ်လ်ကို ဝင်ကြည့်နိုင်ပါသည်။

ဘုရားသခင်ပေးသော ဉာဏ်ပညာကို လိုက်စားကြရန် ယာကုပ်က ဖိတ်ခေါ် တိုက်တွန်းခဲ့သည်။

အမှန်တွင် ယာကုပ်သည် ဟေလသလို ဆိုဖီယာ ခေါ် "ပညာ" နှင့် ဆိုဖိုစ် ခေါ် "ပညာရှိ" ဟူသော စကားလုံးနှစ်လုံးကို သူ့စာစောင်၏ အဓိက အပိုင်းနှစ်ပိုင်း၌သာ အသုံးပြုခဲ့သည်။ အဆိုပါ စကားရပ်များကို ၁း၂-၁၈ နှင့် ထို့နောက် တဖန် ၃း၁၃-၁၈ တို့တွင် ကျွန်ုပ်တို့ တွေ့ရသည်။ အဆိုပါ ကျမ်းပိုဒ်များမှာ သီးသီးသန့်သန့် အရေးပါသည်။ အကြောင်းမှာ တစ်ခုချင်းစီသည် ယာကုပ်က သူ့ပရိသတ် လိုက်နာစေရန် တိုက်တွန်းသည့် ဉာဏ်ပညာ လမ်းစဉ် တစ်ခုစီကို ရည်ညွှန်းသည်။

ယခုတွင် ယာကုပ်ဩဝါဒစာထဲက ဉာဏ်ပညာ အကြောင်းကို လူအချို့စဉ်းစားကြသည့်အခါ မြေကြီး ဉာဏ်ပညာနှင့် ကောင်းကင် ဉာဏ်ပညာတို့အကြား ယာကုပ်၏ ပိုင်းခြားသတ်မှတ်ချက်ကို သူတို့စဉ်းစားကြခြင်းဖြစ်ကြောင်း ယခု ကျွန်ုပ်တို့ မှတ်သားမိဖို့ လိုပါသည်။ အဆိုပါ ဉာဏ်ပညာ ပုံစံ နှစ်မျိုးလုံးကိုလည်း ဤသင်ခန်းစာ နောက်ပိုင်းတွင် ကျွန်ုပ်တို့ လေ့လာဖော်ထုတ်သွားကြပါမည်။ သို့သော် ကျွန်ုပ်တို့၏ ရည်ရွယ်ချက်များအရ ဂျူး ဉာဏ်ပညာအလင်းပြ အစဉ်အလာများအတွင်း အများက ခွဲခြားသတ်မှတ်ထားသော အဓိက ဉာဏ်ပညာ လမ်းစဉ် နှစ်ခုအပေါ်မှာသာ ကျွန်ုပ်တို့ စူးစိုက်ကြပါမည်။ ပထမတစ်ခုကို "တွေးခေါ်ဉာဏ်ပညာ" ဟု ကျွန်ုပ်တို့ ခေါ်ပြီး ဒုတိယတစ်ခုကို "လက်တွေ့ဉာဏ်ပညာ" ဟု ခေါ်ကြသည်။

တွေးခေါ်ဉာဏ်ပညာကို ယောဘ ဝတ္ထုနှင့် ဒေသနာကျမ်းတို့လို စာစောင်များက အရှင်းလင်းဆုံး ကိုယ်စားပြု ဖော်ပြထားသည်။ အဆိုပါ စာစောင်တို့သည် စုံစမ်းနှောင့်ယှက်ခြင်းများနှင့် ဒုက္ခဆင်းရဲများ၏ နောက်ကွယ်ရှိ ဘုရားသခင့် ရည်ရွယ်ချက်များကို ထိုးထွင်းသိမြင်စေသည့် အမြင်များကို ရှာဖွေပေးသည်။ အခြားတစ်ဖက်တွင်လည်း လက်တွေ့ဉာဏ်ပညာသည် သုတ္တံကျမ်းထဲတွင် အပေါ်လွင် အထင်ရှားဆုံးဖြစ်သည်။ ဤစာစောင်အား အခြေခံအားဖြင့် နေ့စဉ် လူနေမှုဘဝ အကြံဉာဏ်နှင့် လမ်းညွှန်မှုတို့အတွက် ရည်စူးထားသည်။

ယာကုပ် ဩဝါဒစာထဲ တွေ့ရသည့် အဆိုပါ ဉာဏ်ပညာလမ်းစဉ် နှစ်ခုကို ကျွန်ုပ်တို့ လေ့လာဖော်ထုတ်ရာ၌ တွေးခေါ်ဉာဏ်ပညာကို ပထမအားဖြင့် ကျွန်ုပ်တို့ စဉ်းစားပါမည်။ ထို့နောက် ဒုတိယအားဖြင့် လက်တွေ့ဉာဏ်ပညာကို ကျွန်ုပ်တို့ လေ့လာကြပါမည်။ တွေးခေါ်ဉာဏ်ပညာအပေါ် ယာကုပ် အာရုံစိုက်ပုံဖြင့် အစပြုကြပါစို့။

# တွေးခေါ်ဉာဏ်ပညာ

ကျွန်ုပ်တို့ သဘောပေါက်သည်ဟု ထင်သော်လည်း ရေလိုက်လွဲခြင်းနှင့်သာ ပြီးသွားသည့် အခြေအနေများကို ကျွန်ုပ်တို့အားလုံး တွေ့ကြုံဖူးကြပြီး ဖြစ်သည်။ အပြင်ပန်း အခြေအနေများကို



ဗီဒီယိုများ၊ သင်ခန်းစာ လမ်းညွှန်များ နှင့် အခြား အရင်းအမြစ်များအတွက် thirdmill.org တွင် သာ့ဒ်မစ်လ်ကို ဝင်ကြည့်နိုင်ပါသည်။

ကျော်လွန်ပြီး အမှန်တကယ် ဘာဖြစ်နေသည်ကို သိမြင်ရန် နောက်တစ်ခါ ပို၍ ဂရုတစိုက် ပြန်ကြည့်ရသည့် အခါများ ကျွန်ုပ်တို့မှာ မကြာခဏ ရှိတတ်သည်။ စာစောင်၏ အဓိက အပိုင်းကို ယာကုပ် အစပြုခဲ့ပုံသည် အနေအထားအမျိုးမျိုးအရ ဤအတိုင်း ဖြစ်ခဲ့သည်။ စိတ်အားလျော့ဖွယ်ရာ အပြင်ပန်း အခြေအနေများကို ကျော်လွန် ကြည့်တတ်ရန်နှင့် သူတို့အသက်တာ၌ အမှန်တကယ် ဘာဖြစ်နေသည့် ဆိုသည့်အပေါ် ထိုးထွင်းအမြင်များရရှိရန်အတွက် သူ့ပရိသတ်ကို ယာကုပ် တိုက်တွန်းခဲ့သည်။

အဆိုပါ တွေးခေါ် ဉာဏ်ပညာအား ယာကုပ်မည်သို့ ကိုင်တွယ်ခဲ့သည်ကို နည်းလမ်း သုံးခုဖြင့် ကျွန်ုပ်တို့ လေ့လာဖော်ထုတ်ကြပါမည်။ ပထမဦးစွာ သူ့ပရိသတ်၏ လိုအပ်ချက်ကို ကျွန်ုပ်တို့ မှတ်သားကြပါမည်။ ဒုတိယအားဖြင့် သူတို့အား ယာကုပ်ပေးအပ်သည့် လမ်းညွှန်မှုကို ကျွန်ုပ်တို့ ကြည့်ကြပါမည်။ တတိယအားဖြင့် တွေးခေါ်ဉာဏ်ပညာနှင့် ယုံကြည်ခြင်းတို့အကြား ဆက်သွယ်မှုကို ကျွန်ုပ်တို့ မှတ်သားကြပါမည်။ ယာကုပ် ပရိသတ်တို့ တွေးခေါ် ဉာဏ်ပညာလိုအပ်ပုံကို ဦးစွာ လေ့လာကြပါစို့။

## လိုအပ်ချက်

ရှေ့တွင် ပြီးခဲ့သည့် သင်ခန်းစာအတွင်း စာစောင်၏ မူလပရိသတ်တို့တွင် မူလအားဖြင့် ကနဦး ဂျူးခရစ်ယာန်များ ပါဝင်ခဲ့ကြောင်း ကျွန်ုပ်တို့ လေ့လာခဲ့ပြီး ဖြစ်သည်။ မာတုရ အဖြစ် သတေဖန် အသတ်ခံရပြီးနောက် ဖြစ်လာသော ညှင်းပန်း နှိပ်စက်မှု လှိုင်းဂယက်များအတွင်း ယေရုရှလင်မြို့မှ သူတို့ မောင်းထုတ်ခံခဲ့ရသည်မှာ အလွန်ပင် ဖြစ်နိုင်ပါသည်။ သူတို့ ကွဲလွင့်သွားရာ နေရာဒေသအတွင်း ဆိုးရွားသော စုံစမ်းနှောင့်ယှက်ခြင်းများကို ရင်ဆိုင်ရသည်နှင့်အမျှ လူများစွာသည် စိတ်ကျခြင်းနှင့် ရှုပ်ထွေးခြင်းတို့အတွက် အကူအညီ လိုအပ်ခဲ့ကြကြောင်း ယာကုပ်၏ အရေးအသားများအရ ရှင်းလင်းနေသည်။

ယာကုပ် ၁း၂ အရ ယာကုပ်အား အဆိုပါ လိုအပ်ချက်များက ကြိုတင်လွှမ်းမိုးထားပြီး ဖြစ်ကြောင်း ကျွန်ုပ်တို့ တွေ့နိုင်သည်။ သူ့စာစောင်၏ အဖွင့်ကျမ်းပိုဒ် ပြီးလျှင် ပြီးချင်း အောက်ပါအတိုင်း ရေးခဲ့သည်။

> ငါ့ညီအစ်ကိုတို့၊ သင်တို့၏ယုံကြည်ခြင်းကို စစ်ကြောစုံစမ်းခြင်းအရာသည် သည်းခံခြင်းကို ပွားစေတတ်သည်ဟုသိမှတ်လျက်၊ အထူးထူး အပြားပြားစုံစမ်းနှောင့်ရှက်ခြင်းနှင့် တွေ့ကြုံသောအခါ၊ ဝမ်းမြောက်စရာ အကြောင်းသက်သက်ဖြစ်သည်ဟု မှတ်ကြလော့။

ယာကုပ် ပရိသတ်၏ လိုအပ်ချက်ကို နားလည်ရန် အဆိုပါ ကျမ်းချက်၏ မျက်နှာစာ နှစ်ခုကို လေ့လာခြင်းက အထောက်အကူ ဖြစ်စေပါလိမ့်မည်။ ပထမဦးစွာ စုံစမ်းနှောင့်ယှက်ခြင်းများ၏ စိမ်ခေါ်မှုကို ကျွန်ုပ်တို့ လေ့လာဖော်ထုတ်ကြပါမည်။ ဒုတိယအားဖြင့် ယာကုပ်၏ ပရိသတ်များ



ဗီဒီယိုများ၊ သင်ခန်းစာ လမ်းညွှန်များ နှင့် အခြား အရင်းအမြစ်များအတွက် thirdmill.org တွင် သာ့ဒ်မစ်လ်ကို ဝင်ကြည့်နိုင်ပါသည်။

တွေ့ကြုံခဲ့ရသည့် စုံစမ်းနှောင့်ယှက်ခြင်း အမျိုးမျိုးတို့ကို ကျွန်ုပ်တို့ လေ့လာဖော်ထုတ်ကြပါမည်။ စုံစမ်းနှောင့်ယှက်ခြင်းများ၏ စိမ်ခေါ်မှုဖြင့် အစပြုကြပါစို့။

## စုံစမ်းနှောင့်ယှက်ခြင်းများ၏ စိမ်ခေါ်မှု

ယာကုပ် ၁း၂ ပါ "စုံစမ်းနှောင့်ယှက်ခြင်း" ဟူသော ဝေါဟာရသည် ဂရိနာမ် *ပယ်ရပ်စ်မိုး* ကို ပြန်ဆိုချက် ဖြစ်သည်။ အဆိုပါ ဝေါဟာရကို "စုံစမ်းနှောင့်ယှက်ခြင်း" "သွေးဆောင်ခြင်း" နှင့် "စစ်ကြောစုံစမ်းခြင်း" စသည်ဖြင့်လည်း ပြန်ဆိုနိုင်သည်။ အလားတူပင် အဆိုပါ ဝေါဟာရ၏ ကြိယာပုံစံ *ပေရာဇို* ကိုလည်း "စစ်ဆေးသည်" "သွေးဆောင်သည်" နှင့် "စစ်ကြော စုံစမ်းသည်" စသည်ဖြင့် ပြန်ဆိုနိုင်သည်။ စာစောင်၏ မူလ ပရိသတ်တို့ တွေ့ကြုံနေရသည့် အခြေအနေများကို ဆုပ်ကိုင်မိစေရန်အတွက် အဆိုပါ ဖြစ်နိုင်သည့် ပြန်ဆိုချက်များ၏ အတိုင်းအတာကို နားလည်ခြင်းက အထောက်အကူ ဖြစ်စေသည်။ စင်စစ်အားဖြင့် သူတို့သည် ခက်ခဲသော စုံစမ်းနှောင့်ယှက်ခြင်းတို့ကို တွေ့ကြုံခဲ့ရပြီး အဆိုပါစုံစမ်းနှောင့်ယှက်ခြင်းတို့ကလည်း သူတို့အား စစ်ကြောစုံစမ်းရန် ရည်ရွယ်ချက်အတွက် စုံစမ်းသွေးဆောင်မှုတို့ကို လမ်းဖွင့်ပေးခဲ့သည်။

အကြောင်းမလှစွာပင် ခေတ်သစ် ခရစ်ယာန်တို့သည် ယာကုပ်စဉ်းစားခဲ့သည့်အရာ၏ လေးနက်အရေးပါမှုကို မကြာခဏ လျော့တွက်မိကြသည်။ အကြောင်းမှာ စုံစမ်းနှောင့်ယှက်ခြင်း၊ စုံစမ်းသွေးဆောင်ခြင်းနှင့် စစ်ကြောစုံစမ်းခြင်းတို့အား လုံးလုံး မတူကွဲပြားသော သဘောအယူအဆများအဖြစ် ကျွန်ုပ်တို့ မှတ်ယူဖြေရှင်းကြသောကြောင့် ဖြစ်သည်။ သို့သော် ကျမ်းစာ အထူးသဖြင့် ယောဘဝတ္ထု ကဲ့သို့သော ဉာဏ်ပညာ အလင်းပြကျမ်းတို့သည် အဆိုပါ အယူအဆများအား ဘုရားသခင့်လူတို့ တွေ့ကြုံရသည့် ခက်ခဲသော အခြေအနေတိုင်း၏ မျက်နှာစာများအဖြစ် တင်ဆက်ထားသည်။

စိမ်ခေါ်နေသော အခြေအနေတို့သည် စုံစမ်းနှောင့်ယှက်ခြင်းများပင် ဖြစ်ကြသည်။ အကြောင်းမှာ ယင်းတို့သည် ခက်ခဲပြီး ဇွဲဖြင့်သည်းခံ ဖြတ်ရန် လိုအပ်သောကြောင့် ဖြစ်သည်။ သို့သော် ယင်းကဲ့သို့သော အခြေအနေတို့သည် ကျင့်ဝတ်စံနှုန်းအရ အမှား အမှန် မရှိသော အရာများ မဟုတ်ကြပါ။ ၎င်းတို့သည် မှားယွင်းသော၊ အပြစ်ရှိသောနည်းလမ်းဖြင့် ပြန်တုန့်ပြန်စေသည့် သွေးဆောင်မှုများ ဖြစ်ကြသည်။ ထို့ပြင် စိမ်ခေါ်နေသော အခြေအနေတို့သည်လည်း ဘုရားသခင်ထံမှလာသည့် စစ်ကြောစုံစမ်းခြင်းများ ဖြစ်ကြပြန်သည်။ ၎င်းတို့သည် ကျွန်ုပ်တို့ နှလုံးသားများ၏ အခြေအနေကို ဘုရားသခင် စစ်ကြောစုံစမ်းပြီး သက်သေပြရာ နည်းလမ်းများလည်း ဖြစ်ကြသည်။

စုံစမ်းနှောင့်ယှက်ခြင်းများ၏ စိမ်ခေါ်မှုကြောင့် ဖြစ်လာသည့် လိုအပ်ချက်ကို စဉ်းစားရင်း အထူးထူးအပြားပြားသော စုံစမ်းနှောင့်ယှက်ခြင်းများအား ၁း၂ တွင် ယာကုပ် ရည်ညွှန်းဖော်ပြထားကြောင်း ကျွန်ုပ်တို့ မှတ်သားမိဖို့ လိုပါသည်။



ဗီဒီယိုများ၊ သင်ခန်းစာ လမ်းညွှန်များ နှင့် အခြား အရင်းအမြစ်များအတွက် thirdmill.org တွင် သာ့ဒ်မစ်လ်ကို ဝင်ကြည့်နိုင်ပါသည်။

## အထူးထူးအပြားပြား စုံစမ်းနှောင့်ယှက်ခြင်းများ

အထူးထူး အပြားပြား စုံစမ်းနှောင့်ယှက်ခြင်းများအကြောင်း ယာကုပ်ပြောခဲ့ချိန်တွင် ကနဦး အသင်းတော်အတွင်း ဆင်းရဲသား ယုံကြည်သူများနှင့် ချမ်းသာကြွယ်ဝသည့် ယုံကြည်သူများအကြား အငြင်းအခုန်၊ ရုန်းရင်းခတ်မှု သဘောဆောင်သည့် အခက်အခဲများစွာကို သူ ညွှန်ပြခဲ့သည်။

တစ်ဖက်တွင် ယာကုပ်သည် ဆင်းရဲသား ယုံကြည်သူတို့ ကြုံနေရသည့် စိမ်ခေါ်မှုများ အကြောင်းကို များများ ရေးခဲ့သည်။ တမန်တော် ၂-၆ အရ ယေရုရှလင် ကနဦး အသင်းတော်၌ အများသူတို့မှာ ဆင်းရဲသားများ ဖြစ်ခဲ့ကြသည်။ ညှင်းပန်း နှိပ်စက်မှုကြောင့် ယေရုရှလင်မြို့မှ ကွဲလွင့်သွားကြသည့် ယုံကြည်သူများသို့ ယာကုပ် ဦးတည်ရေးသားသည် ဖြစ်၍ ဆင်းရဲသူ ဆင်းရဲသား ဦးရေ ပိုများသွားခဲ့သည်မှာ အလွန်ပင် ဖြစ်နိုင်ခြေရှိပါသည်။

၁း၉ နှင့် ၄း၆ တို့တွင် ခရစ်ယာန်များအား ဟေလသလို *တာပေးနိုးစ်* "စိတ်နှိမ့်ချသူ" ဟု ခေါ်ဆိုထားသည်။ ယင်း ဝေါဟာရသည် "လူမှုရေး အဆင့်အတန်း နိမ့်ကျခြင်း" ကို ဆိုလိုသည်။ ၂း၂၊ ၃၊ ၅ နှင့် ၆ တို့တွင် သူတို့အား ဟေလသလို *ပတိုးခိုစ်* "ဆင်းရဲသောသူ" ဟုလည်း သူ ခေါ်ဆိုထားသည်။ ယင်းဝေါဟာရသည် "စီးပွားရေးအရ ချို့ငဲ့နွမ်းပါးသော" ဟု အဓိပ္ပာယ် ရသည်။ ၁း၂၇ တွင် "မိဘမရှိသောသူငယ်များနှင့် မုဆိုးမများ" ဟု သူ ရည်ညွှန်းထားသည်။ ကျမ်းစာက အဆိုပါ လူအုပ်စုအား ဆင်းရဲမွဲတေမှုဒဏ်နှင့် မတရားပြုမှုဆက်ဆံမှုတို့ကို အထူးတလည် ကွက်ပြီး ခံရလွယ်သော အုပ်စုအဖြစ် မကြာခဏ ဖော်ပြထားသည်။ ၂း၂ အရ ဆင်းရဲနွမ်းပါးသော ယုံကြည်သူအချို့သည် "ညစ်သောအဝတ်" တို့ကို ဝတ်ထားကြကြောင်း ယာကုပ်က ညွှန်ပြထားသည်။ ၂း ၁၅ အရလည်း အနည်းဆုံး အချို့တို့သည် အလွန်ပင် ချို့ငဲ့ကြရကား သူတို့သည် "အဝတ်အချည်းစည်းရှိကာ နေ့တိုင်းစားရသော အစာပင် မရှိသူများ" ဖြစ်ကြသည်။

> ယာကုပ်သည် ဆင်းရဲသားတို့ကို အကြီးအကျယ် အလေးအနက်ထား ဖော်ပြသည်။ ယာကုပ် ဆိုလိုသည့်အရာသည် စိတ်နှလုံး နှိမ့်ချခြင်းကို ဆိုလိုသည်ဟု မှတ်ယူခြင်းဖြင့် ကျွန်ုပ်တို့အား သူကြိုးစားဖော်ပြနေသည့်အရာကို ဖြတ်လမ်းသဘော အလွယ်ဖော်ပြ၍ ရပါသည်။ ကျွန်ုပ်တို့ နှိမ့်ချကျိုးနွံသင့်ကြောင်း၊ စိတ်နှလုံး နှိမ့်ချသင့်ကြောင်း သူပြောလိုသည်မှာ သေချာပါသည်။ သို့ရာတွင် ကိုယ်ကာယခန္ဓာပိုင်း ဆိုင်ရာ ချို့တဲ့ နွမ်းပါးသော အခြေအနေနှင့် လိုအပ်ချက်များကို သူ အဓိက ဆွေးနွေးနေခြင်း ဖြစ်ပါသည်။ ရှင်လုကာ ခရစ်ဝင်ထဲက တောင်ပေါ်ဒေသနာ၌ ပါသည့် အတိုင်း "ဆင်းရဲသောသူတို့သည် မင်္ဂလာ ရှိကြသည်" ဆိုသည်နှင့် အလားတူသည်။ ထိုသို့ ယာကုပ် ဆိုခြင်းသည် အနည်းဆုံး ကိုယ်ကာယ ခန္ဓာပိုင်း၊ ရုပ်ဝတ္ထု ပစ္စည်းပိုင်း ဆင်းရဲချို့ငဲ့သူများကို ဆိုလိုခြင်း ဖြစ်သည်။ ကောင်းပါပြီ။ သို့ဆိုပါက သူတို့သည် အဘယ်ကြောင့် အထူးတလည် မင်္ဂလာ ရှိကြရပါမည်နည်း။ ဟုတ်ပါပြီ။ ၎င်းသည် နိုင်ငံတော် လုပ်ငန်းဆောင်ရွက်ပုံနှင့် သက်ဆိုင်မှု ရှိနေတာ ဖြစ်သည်။



ဗီဒီယိုများ၊ သင်ခန်းစာ လမ်းညွှန်များ နှင့် အခြား အရင်းအမြစ်များအတွက် thirdmill.org တွင် သာ့ဒ်မစ်လ်ကို ဝင်ကြည့်နိုင်ပါသည်။

> နိုင်ငံတော်ဆိုသည်မှာ အားနည်းသူကို ချီးမြှောက်ပြီး ခွန်အားကြီးသူကို နှိမ့်ချခြင်းတို့၏ အကြောင်းစုံပင် ဖြစ်တော့သည်။ ယခု ဘဝမှာ ၎င်းအရာကို သင် လုပ်ဆောင်နိုင်ပါသည်။ သင်သည် ချမ်းသာကြွယ်ဝသူ၊ အာဏာရှိသူ၊ သြဇာညောင်းသူ ဖြစ်လျှင် သင့်ကိုယ်သင် နှိမ့်ချနိုင်သည်။ ယာကုပ် သြဝါဒစာ ရေးရခြင်း၏ ရည်ရွယ်ချက်သည် ၊ ဆင်းရဲနွမ်းပါးခြင်းသဘောကို ဖြစ်စေပြီးနောက် ထိုမှတဆင့် စိတ်နှလုံးထဲ၌ နှိမ့်ချသူဖြစ်လာစေဖို့ ဖြစ်သည်။ သို့သော် အမှန်တကယ် ကာယပိုင်းဆိုင်ရာ ဆင်းရဲမွဲတေသူများအကြောင်းကိုလည်း များစွာပြောစရာရှိပါသေးသည်။ သင်တို့၏ ဘဏ္ဍာများသည် ကောင်းကင်တွင် ရှိကြောင်း၊ သင်တို့၏ နိုင်ငံတော်သည် ကောင်းကင်တွင် ရှိကြောင်း၊ သင်တို့၏ ဆုလာဘ် နှင့် အရင်းအမြစ်ရှိသမျှတို့သည် ကောင်းကင်ဘုံနှင့် ဆိုင်ကြောင်း စသည်ဖြင့် ဖြစ်ကြသည်။ သို့ဖြစ်လျှင် ရောက်လတံ့သော နောက်ဆုံးသောကာလဆိုင်ရာ နောက်ပြန်လှည့်မှုကြီးတစ်ခု ရှိနေသည်။ ၎င်းသည် အားနည်းသူကို သန်စွမ်းစေပါလိမ့်မည်။ ဘုရားသခင်သည် ယုံကြည်သူ အကြွင်းအကျန်တို့ကို စုဝေးစေတော်မူပါလိမ့်မည်။ အနာရောဂါရှိသူတို့ကို စုဝေးစေတော်မူပါလိမ့်မည်။ ဆင်းရဲသားများကို စုဝေးစေတော်မူပါလိမ့်မည်။ ထို့နောက် သူတို့ကို ကိုယ်တော်၏ နိုင်ငံတော်ထဲ၌ ချီးမြှောက်တော်မူပါလိမ့်မည်။ ထို နောက်ပြန်လှည့်မှုကြီးသည် မာနထောင်လွှားသောသူတို့၏ ခွန်အားကိုလည်း နှိမ့်ချတော်မူပါလိမ့်မည်။

**ဒေါက်တာ Thomas L. Keene**

အသင်းတော်ထဲရှိ နှိမ့်ချပြီး ဆင်းရဲနွမ်းပါးသူများ ကြုံနေရသည့် သီးသန့်စိမ်ခေါ်ချက်များစွာကို ယာကုပ် ဖော်ညွှန်းခဲ့သည်။ အနည်းငယ် ဖော်ပြရမည်ဆိုပါက ၁း၉ တွင် အချို့တို့သည် မိမိကိုယ်မိမိ တန်ဖိုး သိက္ခာမရှိသလိုနေဖို့ သွေးဆောင်ခံနေရကြကြောင်း သူမှတ်သားထားသည်။ ထာဝရ ဘုန်းတော်နှင့် ပြည့်ဝသော ကယ်တင်ခြင်းအတွက် ဘုရားသခင့် ရွေးကောက်ခံလူများအဖြစ် "သူတို့၏ မြင့်မြတ်သော အဆင့်အတန်းအပေါ် ဂုဏ်ယူဝါကြွား" ရန်အတွက် သူတို့ ပျက်ကွက်နေခဲ့ကြသည်။ ၃း၉ အရ ဘုရားသခင်ကို နှုတ်ဖြင့် ချီးမွမ်းနေလျက်ပင် အခြားသူတို့ကို ကျိန်ဆဲမိစေရန် အခြေအနေတို့က သူတို့အား မကြာခဏ သွေးဆောင်နေခဲ့သည်။ ၃း၁၄ အရ အချို့သောသူတို့သည် တပါးသူတို့အပေါ် "ခါးခါးသီးသီး ဂုဏ်ပြိုင်လိုစိတ်" ရှိလာဖို့နှင့် "ရန်တွေ့လိုသောစိတ်" ဖိစီးလာဖို့ သွေးဆောင်ခံနေရကြောင်း ယာကုပ် သတိပေးခဲ့သည်။ အကျိုးရလာဒ် အနေဖြင့် ၄း၁ သည် အသင်းတော်အတွင်း "စစ်တိုက်ခြင်း၊ ရန်တွေ့ခြင်း" အမှုအရာများထဲ၌ ပါဝင်ပတ်သက်လာစေသော သွေးဆောင်မှုများအကြောင်းကို ဆွေးနွေးထားသည်။ ၅း၇ တွင်လည်း သခင်ဘုရားကြွလာချိန် နီးပြီဖြစ်သောကြောင့်

သည်းခံစောင့်ဆိုင်းရန် သူတို့ကို တိုက်တွန်းအားပေးခြင်းဖြင့် သည်းမခံ၊ စိတ်မရှည်နိုင်မှုကို ရှောင်ရှားကြရေး ဆင်းရဲသားတို့အား ယာကုပ် အားပေးခဲ့သည်။

အခြားတစ်ဖက်၌ ချမ်းသာကြွယ်ဝသော ယုံကြည်သူတို့သည်လည်း စုံစမ်းနှောင့်ယှက်ခြင်းတို့ကို ကြုံနေကြရသည်။ တမန်တော် အခန်းကြီး ၂-၆ အရ ဆိုပါလျှင် ယေရုရှလင်ရှိ ကနဦးအသင်းသား အချို့တို့သည် ခရစ်တော်၌ ဆင်းရဲနွမ်းပါးသော ညီအစ်ကို မောင်နှမတို့အား ပြုစုစောင့်ရှောက်နိုင်ရန် လုံလောက်သော ဓနဥစ္စာ ရှိသူများ ဖြစ်ကြသည်။ ထို့ပြင် ညှင်းပန်းနှိပ်စက်မှုကြောင့် ကွဲလွင့်နေကြရသော်လည်း ချမ်းသာကြွယ်ဝသည်ဟု ဆိုနိုင်လောက်သူ အများအပြားသည် အသင်းတော်ထဲ ဆက်ရှိနေဆဲ ဖြစ်သည်မှာ သိသာပါသည်။

အဆိုပါ ချမ်းသာကြွယ်ဝသူတို့အား ပုံစံအမျိုးမျိုးဖြင့် ယာကုပ် ဖော်ပြခဲ့သည်။ ၁း၁၀၊ ၂း၆ နှင့် ၅း၁ တို့တွင် သူတို့အား ဟေလသလို *ပလူဆိုင်းယို့စ်* "ငွေရတတ်သောသူများ" ဟု သာ ယာကုပ် ရည်ညွှန်းခဲ့သည်။ ၎င်းသည် လူ့အဖွဲ့အစည်း၏ အထက်တန်းလွှာကို ခေါ်ဆိုသော အများသိ အသုံးအနှုန်း တစ်ခု ဖြစ်သည်။ ၂း၆ အရ ဆိုလျှင် သူတို့၏ လူမှုရေး အဆင့်အတန်း မြင့်မားမှုသည် သူတစ်ပါးတို့အား ရုံးကန္နားများ ဆီသို့ပင် အမြဲတစေ ဆွဲခေါ် နိုင်သည်အထိ လုံလောက်တတ်နိုင်ခဲ့ကြသည်။ စီးပွားလုပ် ငွေရှာဖို့ သူတို့ ခရီးသွားကြကြောင်း ၄း၁၃ က ကျွန်ုပ်တို့ကို ပြောပြသည်။ ၅း၂-၃ အရ သူတို့၏ အဝတ်အစား၊ ရွှေ၊ ငွေ တို့၌ သူတို့ ဝမ်းမြောက်ဂုဏ်ယူကြကြောင်း တွေ့ရသည်။ တဖန် ၅း၅ တွင် အနည်းဆုံး အချို့တို့သည် "ကာမဂုဏ်၌ ခံစားပျော်မွေ့နေကြသည်" ဟု ဆိုနိုင်သည်။

ကြွယ်ဝချမ်းသာမှုက အလိုလို ဖြစ်ပေါ်စေသည့် စိမ်ခေါ်မှုများ ရှိနေကြောင်း ယာကုပ် သိခဲ့သည်။ ၁း၁၀ အရ ဆိုလျှင် ငွေရတတ်သောသူတို့သည် နောင်တရသော အပြစ်သားများအဖြစ် သူတို့အပေါ် လိုက်မီခဲ့ပြီးသော နှိမ့်ချစုံစမ်းမှုကို မေ့လျော့ထားသောအားဖြင့် သူတို့ကိုယ်သူတို့၌ ကြွားဝါမာန်တက်စေရန် သွေးဆောင်ခံနေကြရသည်။ ၁း၂၇ အရ "လောကီ အညစ်အကြေး" ဖြင့် ကပ်ညိလာစေဖို့ သူတို့၏ စည်းစိမ်ချမ်းသာက သူတို့အား သွေးဆောင်နေကြောင်း ပြောပြသည်။ ၂း၇ အရ သူတို့သည် တရားရုံးကန္နားများတွင် မမှန်သော သက်သေခံခြင်းဖြင့် ကဲ့ရဲ့ပြစ်တင်သူများ ဖြစ်လာဖို့ သွေးဆောင်ခံနေရကြောင်း တွေ့ရသည်။ ၂း၁၆ အရ ဆင်းရဲသားတို့အတွက် သူတို့၌ ဘာမျှ လုပ်ပေးလိုစိတ်မရှိသည့် အကြောင်း ယာကုပ် ပြောဆိုထားသည်။ ၃း၉ အရ သူတို့သည် ဘုရားတရား ကြည်ညိုကိုင်းရှိုင်းယောင်ဆောင်လျက်ပင် ဆင်းရဲသားတို့ကိုသာမက အခြားသူတို့ကိုပါ ကျိန်ဆဲသူများ ဖြစ်ကြသည်။ ၃း၁၄ အရ သူတို့၏ စိတ်ထဲ၌ "ခါးသီးသော ဂုဏ်ပြိုင်မှု" နှင့် "ရန်တွေ့မှု" အမျိုးမျိုးတို့ကို သူတို့၏ ကိုယ်ပိုင် ပုံစံများဖြင့် အငြိုးအတေး ထားခဲ့ကြကြောင်း ကျွန်ုပ်တို့ သိရသည်။ ၄း၁ အရ တိုက်ခိုက်ခြင်းနှင့် ရန်တွေ့ခြင်းမှာလည်း သူတို့ ပါဝင်ခဲ့ကြသည်။ ၄း၁၃-၁၆ အရ ဘုရားသခင်အပေါ် အမှီအခို ကင်းမဲ့စွာ အသက်ရှင်ရန် သူတို့ သွေးဆောင်ခံနေရကြောင်း တွေ့ရသည်။ ၅း၃ က ဓနစည်းစိမ်ကို သူတို့ ဆည်းပူး စုဆောင်းနေခဲ့ကြကြောင်း ဖော်ပြသည်။

ယာကုပ်၏ ပရိသတ်အတွင်း သူဌေးများရော သူဆင်းရဲတို့ပါ စိမ်ခေါ်မှုများစွာကို ရင်ဆိုင်နေခဲ့ရသည်မှာ ရှင်းနေသည်။ နှစ်ဖွဲ့လုံးသည်လည်း သူ့စာစောင်ထဲ ယာကုပ် ကမ်းလှမ်းနေသည့် ဉာဏ်ပညာမျိုးကို လိုအပ်နေခဲ့ကြသည်။



ဗီဒီယိုများ၊ သင်ခန်းစာ လမ်းညွှန်များ နှင့် အခြား အရင်းအမြစ်များအတွက် thirdmill.org တွင် သာ့ဒ်မစ်လ်ကို ဝင်ကြည့်နိုင်ပါသည်။

တွေးခေါ်ဉာဏ်ပညာ အပေါ်ယာကုပ်၏ အလေးပေး အာရုံစိုက်မှုသည် သူ့ပရိသတ် ကြုံရသော စုံစမ်းနှောင့်ယှက်ခြင်းများကြောင့် ဖြစ်ရသည့် ဉာဏ်ပညာ လိုအပ်မှုထဲမှ မည်သို့ ထွက်ပြူလာခဲ့ကြောင်း ယခု ကျွန်ုပ်တို့ တွေ့မြင်ခဲ့ကြပြီး ဖြစ်၍ ဒုတိယ အရေးအရာဖြစ်သော အဆိုပါ စုံစမ်းနှောင့်ယှက်ခြင်းများအတွက် ယာကုပ် မည်သို့ လမ်းညွှန်ခဲ့သည် ဆိုသည့်ကိစ္စဆီ ကျွန်ုပ်တို့ လှည့်ကြပါမည်။

# လမ်းညွှန်မှု

ကျွန်ုပ်တို့ ခရစ်တော်၏ နောက်လိုက်များ အနေဖြင့် နေ့စဉ် ကျွန်ုပ်တို့၏ ဘဝအတွေ့အကြုံများအားဖြင့်ပင်လျှင် ခရစ်ယာန် ဓမ္မပညာ ရှုထောင့်များစွာကို နားလည်နိုင်ကြပါသည်။ သို့သော် အခြားသော ခရစ်ယာန် သွန်သင်ချက်တို့မှာမူ ထိုမျှလောက် ရိုးရှင်းလွယ်ကူမှု မရှိလှပေ။ ကျွန်ုပ်တို့ နေ့စဉ်တွေ့ကြုံရသည့် အတွေ့အကြုံ ကန့်လန့်ကာ၏ နောက်ကွယ်သို့တိုင် သွားရောက်ပြီး ဘုရားသခင် ကွယ်ဝှက်ထားတော်မူသော ရည်ရွယ်ချက်များ အကြောင်း နက်နက်ရှိုင်းရှိုင်း နားလည်သဘောပေါက်လိုပါက ကျွန်ုပ်တို့ ဉာဏ်ပညာ လိုအပ်ပါသည်။ ကျွန်ုပ်တို့ အသက်တာရှိ ဆိုင်ပြိုင်ရန်းကန်ရမှုများနှင့် စုံစမ်းနှောင့်ယှက်ခြင်းများ၏ နောက်ကွယ်၌ ဘုရားသခင် ထားတော်မူသော အကြံအစည်များကို ခွဲခြားသိမြင်နိုင်သည့် စွမ်းရည်တည်းဟူသော တွေးခေါ်ဉာဏ်ပညာကို ကျွန်ုပ်တို့ ရလွယ်စေမည့် ထိုးထွင်း အသိအမြင်များအား ကျွန်ုပ်တို့ထံ ယာကုပ် ပေးထားသည်။ ယာကုပ် ၁း၃-၄ နှင့်တကွ သူ့ပရိသတ်ကို ယာကုပ် ရရှိပိုင်ဆိုင်စေလိုသည့် ထိုးထွင်း အမြင်များအား ယာကုပ် ဖော်ပြပုံတို့ကို နားထောင်ကြည့်ပါ။

> သင်တို့၏ ယုံကြည်ခြင်းကို စစ်ကြောစုံစမ်းခြင်းအရာသည် သည်းခံခြင်းကို ပွားစေသည်ဟု သင်တို့သိကြ၏။ သင်တို့သည် အလျှင်းမချို့တဲ့ဘဲ စေ့စပ် စုံလင်မည့်အကြောင်း သည်းခံခြင်းစိတ်သည် အကုန်အစင် ပြုပြင်ပါစေ (ယာကုပ် ၁း၃-၄)။

၎င်းကျမ်းချက်အတွင်း ယာကုပ်၏ လမ်းညွှန်ချက်ကို အကျဉ်းချုပ်ရန် နည်းလမ်းများစွာ ရှိသည့်အနက် ကျွန်ုပ်တို့၏ ရည်ရွယ်ချက်များအရ အခြေခံအချက် လေးချက်အပေါ်မှာသာ ကျွန်ုပ်တို့ အာရုံစိုက်ကြပါမည်။ ပထမဦးစွာ စိမ်ခေါ်နေသော အခြေအနေတို့သည် သူတို့၏ ယုံကြည်ခြင်းကို စစ်ကြောစုံစမ်းနေခြင်း ဖြစ်ကြောင်း ယာကုပ်ပြောဆိုခဲ့သည်။

## စစ်ကြော စုံစမ်းခြင်း

သူ့ပရိသတ်တို့ ကြုံနေရသော စိမ်ခေါ်မှုတို့ကို "သင်တို့၏ ယုံကြည်ခြင်းကို စစ်ကြောစုံစမ်းခြင်းအရာ" အဖြစ် ယာကုပ် ဖော်ပြသည့်အခါ ဟေလသလို *ဒိုကီမီယွန်* ဟူသည့် စကားလုံးကို သူသုံးခဲ့သည်။ ၎င်း "စစ်ကြောစုံစမ်းခြင်း" ဝေါဟာရသည် တစ်စုံတစ်ခု၏ စစ်မှန်မှုကို

ဆုံးဖြတ်ခြင်း သို့မဟုတ် သက်သေပြခြင်း ဆိုသည့် သဘောကို ဆိုလိုသည်။ ယင်း သဘောအရ ယာကုပ်သည် သူတို့၏ ယုံကြည်ခြင်း စစ်မှန်မှုကို သက်သေပြခြင်းအနေဖြင့် ရှုမြင်ခဲ့ခြင်း ဖြစ်သည်။

အမှန်စင်စစ် စုံစမ်းနှောင့်ယှက်ခြင်းများစွာအား သူ့ပရိသတ်ကြုံရခြင်းအတွက် ဘုရားသခင်၏ ရည်ရွယ်ချက်သည် သူတို့စိတ်နှလုံးထဲရှိနေသည့် အခြေအနေမှန်ကို ဆုံးဖြတ်ရန် ဖြစ်ကြောင်း ယာကုပ် ရှင်းပြခဲ့ခြင်း ဖြစ်သည်။ သူတို့၏ "စစ်ကြောစုံစမ်းခြင်း" သည် သူတို့၏ ယုံကြည်ခြင်း စစ်မှန်သည် မမှန်သည် ဆိုသည်ကို အတည်ပြုပေးခဲ့သည်။ စုံစမ်းနှောင့်ယှက်ခြင်းတို့အပေါ် ဘုရားသခင် ထားတော်မူသော ရည်ရွယ်ချက်အကြောင်း ယခုလို ရှုမြင်ပုံသည် ယာကုပ်အတွက် အသစ်အဆန်းတော့ မဟုတ်ပါပေ။ ၎င်းသည် ဓမ္မဟောင်းမှာရော ဓမ္မသစ်မှာပါ အကြိမ်ကြိမ် ပါရှိခဲ့ပြီး ဖြစ်သည်။ ဥပမာအားဖြင့် တရားဟောရာ ၈း၂ တွင် ဣသရေလ လူထုကြီးအား မောရှေပြောခဲ့သည့် အရာမှာ

> သင်၏ ဘုရားသခင် ထာဝရဘုရားသည် သင့်ကို နှိမ့်ချစုံစမ်း၍၊
> ပညတ်တော်တို့ကို ကျင့်ချင်သော စိတ်ရှိသည် မရှိသည်ကို သိမည်အကြောင်း၊
> လွန်ခဲ့ပြီး သော အနှစ်လေးဆယ်ပတ်လုံး တော၌ ပို့ဆောင်တော်မူ သော
> လမ်းခရီးတစ်လျှောက်လုံးကို အောက်မေ့ရမည် (တရားဟောရာ ၈:၂) ။

ကျမ်းစာ ကျန်အပိုင်း အားလုံးအရလည်း ဘုရားသခင်သည် ရှိသမျှ လူသားအားလုံး၏ စိတ်နှလုံး အပါအဝင် အရာရာကို သိကျွမ်းတော်မူသော ဘုရားဖြစ်ကြောင်း ရှင်းနေသည်။ သို့သော် ဤကျမ်းချက်နှင့် တကွ အလားတူ ကျမ်းချက်များက လူ့သမိုင်းကြောင်းအတွင်း ဘုရားသခင်သည် မိမိလူတို့နှင့် အပြန်အလှန် ဆက်ဆံရာ၌ ကျွန်ုပ်တို့၏ စိတ်နှလုံးထဲ ရှိသည့်အရာကို ထုတ်ပြရန် သို့မဟုတ် သက်သေထူရန်အတွက် အခက်အခဲများကို အသုံးပြုလေ့ရှိသည် ဆိုသည့် ကျမ်းစာသစ္စာတရားကို ပုံဖော်လျက်ရှိသည်။

ယာကုပ်က လမ်းညွှန်ချက်ပေးထားသလိုပင် သူ့ပရိသတ်တို့ကြုံရသည့် စိမ်ခေါ်မှုတို့သည် သူတို့၏ ယုံကြည်ခြင်းကို စစ်ကြောစုံစမ်းသည် ဆိုသည့် အချက်ကို သူ ပြဌာန်းခဲ့ရုံမျှမကပါ။ သူတို့ကြုံရသော စုံစမ်းနှောင့်ယှက်ခြင်းအား သည်းခံခြင်းကို ပွားစေသည့် ဒီဇိုင်းမျိုး ချထားကြောင်းကိုလည်း သူညွှန်ပြခဲ့ပါသေးသည်။

## သည်းခံခြင်း

ဟေလသ စကား *ဟူပိုမိုနေ* ကို သုံးပြီး စစ်ကြောစုံစမ်းခြင်းသည် သည်းခံခြင်းကို ပွားစေကြောင်း သူ ရေးခဲ့သည်။ အင်္ဂလိပ် ဝေါဟာရ "ပါဆဲဗီရဲင့်စ်" နှင့် များစွာ အလားတူပင် *ဟူပိုမိုနေ* သည် အခက်အခဲအောက်တွင် ခံနိုင်ရည် ရှိခြင်းကို ဆိုလိုသည်။ သို့ဖြစ်လျှင် ခရစ်တော်ကို သစ္စာရှိစွာ ဆက်ကပ်အပ်နှံရာ၌ ဘုရားလူတို့ ဖွဲ့နှင့် ရှေ့ဆက်နိုင်အောင် ခွန်အားပေးသောအားဖြင့် စုံစမ်းနှောင့်ယှက်ခြင်းတို့က ယုံကြည်ခြင်း စစ်မှန်မှုကို သက်သေထူကြောင်း ယာကုပ်က ရှင်းပြထားသည်။



ဗီဒီယိုများ၊ သင်ခန်းစာ လမ်းညွှန်များ နှင့် အခြား အရင်းအမြစ်များအတွက် thirdmill.org တွင် သာ့ဒ်မစ်လ်ကို ဝင်ကြည့်နိုင်ပါသည်။

ယေဘုယျ ဆိုရလျှင် ဓမ္မသစ်သွန်သင်ချက်အရ ခရစ်ယာန် သည်းခံခြင်းသည် နှစ်မျိုး ရှိသည်။ တစ်ဖက်တွင် သည်းခံခြင်းသည် ဘုရားသခင့်ကျေးဇူးတော်က ပေးသော ဆုလက်ဆောင် ဖြစ်သည်။ ယေရှုကို အသက်သစ်သို့ ထမြောက်စေသော သန့်ရှင်းသော ဝိညာဉ်တော်သည် အသစ်သော အသက်တာ၌ သစ္စာရှိစွာ နာခံ လျှောက်လှမ်းနိုင်ရန် ကျွန်ုပ်တို့အား ခွန်အားပေးနေသဖြင့် ခရစ်တော်၏ နောက်လိုက်တို့သည် သူတို့၏ ယုံကြည်ခြင်း၌ ကြံ့ကြံ့ခံကာ သည်းခံနိုင်ကြကြောင်း ရောမ ၆း၁-၁၄ လို ကျမ်းချက်များက သွန်သင်နေသည်။ သို့ဖြစ်လျှင် သည်းခံခြင်းအတွက် လူ့ဖက်မှ ကြိုးပမ်းအားထုတ်မှု လိုအပ်သော်လည်း ကျွန်ုပ်တို့အထဲတွင် လုပ်ဆောင်ပေးနေသော ဘုရားသခင်၏ ဆက်လက် ကျေးဇူးပြုမှုအရသာလျှင် ကျွန်ုပ်တို့ သည်းခံနိုင်ကြခြင်း ဖြစ်ကြောင်း ကျွန်ုပ်တို့ စွဲမှတ်ထားဖို့ လိုပါသည်။

သို့သော် အခြားတစ်ဖက်တွင်မူ သည်းခံခြင်းသည် ထာဝရ ကယ်တင်ခြင်းအတွက် မရှိမဖြစ် လိုအပ်ချက် တစ်ခုဖြစ်ကြောင်း ဓမ္မသစ်က ရှင်းရှင်းပြဆိုထားသည်။ တနည်းဆိုရလျှင် ကယ်တင်ခြင်းနှင့် ယှဉ်သော ယုံကြည်ခြင်းကို လက်တွေ့ကျင့်ဆောင်သူသည် သူ၏ ယုံကြည်ခြင်း၌ မဖြစ်မနေ သည်းခံလိမ့်မည် ဖြစ်သည်။ ကောလောသဲ ၁း၂၂-၂၃ တွင် ပေါလု ပြောထားသည်ကို နားထောင်ကြည့်ပါ။

> စိတ်နှလုံး၌ ရန်သူဖြစ်သောသင်တို့ကို ကိုယ်ခန္ဓာတော်၌ အသေခံတော်မူသောအားဖြင့် ယခု မိတ်သဟာယဖွဲ့စေတော်မူ၏။ ..... သင်တို့သည် ကိုယ်တိုင်ကြားရပြီးသော ဧဝံဂေလိ တရား၏ မျှော်လင့်ခြင်းမှ မရွေ့လျော့ဘဲ တိုက်မြစ်ကျခြင်း၊ တည်ကြည်ခြင်းနှင့် တကွ မြဲမြံစွာ ယုံကြည်ကြလျှင် .... (ကောလောသဲ ၁း၂၂-၂၃)

ဤနေရာတွင် ရှင်ပေါလုက ကောလောသဲ ခရစ်ယာန်တို့သည် ဘုရားသခင်နှင့် မိတ်သဟာယဖွဲ့ပြီးသူများ ဖြစ်ကြောင်း အခိုင်အမာဆိုထားသည်။ သို့သော် သူတို့၏ ယုံကြည်ခြင်း၌ ရှေ့ဆက်မှသာလျှင် ဤအချက်သည် မှန်ကန်ကြောင်း သူတို့စိတ်ချနိုင်ကြသည်။ ယင်းသို့ သည်းခံခြင်း လိုအပ်ချက်မှာ ကယ်တင်ခြင်းသည် ဘုရားသခင့် ကျေးဇူးတော်အားဖြင့်သာ ဖြစ်သည်ဆိုသော သတင်းစကားနှင့် ဆန့်ကျင်ခြင်း မရှိပေ။ ထိုအစား ၎င်းသည် သတင်းကောင်းအထဲ၌ ကြံ့ကြံ့ခိုင်ခိုင် ဆွဲကိုင်ထားသည့်အရာပင် ဖြစ်သည်။

သူ၏ လမ်းညွှန်ချက်ထဲတွင် သည်းခံခြင်းကို ပွားစေသည့် ယုံကြည်ခြင်း စစ်ကြောစုံစမ်းခြင်းအား ယာကုပ် ဆွေးနွေးထားရုံမကပါ။ သည်းခံခြင်းက ဖြစ်စေသည့် ရင့်ကျက်ခြင်းအကြောင်းကိုလည်း သူ ဆက်ပြောထားသေးသည်။

## ရင့်ကျက်ခြင်း

> ယာကုပ် ဩဝါဒစာသည် ရင့်ကျက်ခြင်းနှင့် ပတ်သက်သည့် အကြောင်းစုံကို ပြသည့် စာစောင် ဖြစ်သည်။ ၎င်းစာစောင်အား ပညတ်အဓိက လိုက်လျှောက်ရန် အသားပေးသည့် စာစောင်အဖြစ် အချို့က ရှုမြင်နိုင်သည်။ ၎င်းသည်



ဗီဒီယိုများ၊ သင်ခန်းစာ လမ်းညွှန်များ နှင့် အခြား အရင်းအမြစ်များအတွက် thirdmill.org တွင် သွာဒ်မစ်လ်ကို ဝင်ကြည့်နိုင်ပါသည်။

> စည်းမျဉ်းများအကြောင်းကို ပြောသည်။ ၎င်းသည် ကျွန်ုပ် လုပ်ဆောင်မြဲ ရှိနေရမည့် အရာတို့ကို မည်သို့ အတိအကျ လုပ်ဆောင်ရမည် ဆိုသည့် အကြောင်း ဖြစ်သည်။ သို့သော် စင်စစ် ၎င်းသည် သင့်အား ခရစ်ယာန် တစ်ဦးအနေဖြင့် အထူးသဖြင့် ကျွန်ုပ်တို့ ရှင်သန်နေရသည့် ခက်ခဲသော လူမှုရေး အခြေအနေ အဆက်အစပ် ရှိသမျှတို့အတွင်း ရှင်သန်နေရသည့် ခရစ်ယာန် တစ်ဦးအနေဖြင့် ကြီးထွား ရင့်ကျက်လာဖို့ ရည်ရွယ် ကူညီသည့် စာစောင်သာ ဖြစ်သည်။ အသင်းတော်သည်လည်း အခက်အခဲထဲ ဝင်ရောက်မိရာ နေရာဖြစ်နိုင်ပါသည်။ ယာကုပ်က ယင်းအချက်ကို ဝန်ခံသိမှတ်ထားသည်။ ဤလောကထဲ၊ အသင်းတော်ထဲ သင် ရှင်သန်နိုင်အောင်၊ စည်ပင် ဖွံ့ဖြိုးအောင် သင်လုပ်ဖို့ လိုသည့် အရာမှာ ကြီးထွားရင့်ကျက်ခြင်းပင် ဖြစ်သည်။ သင် စုံလင်ပြည့်ဝပြီး ပြည့်စုံဖို့တော့ လိုပါသည်။ ထိုအရာအတွက် ဘာလုပ်ရမည်၊ ယခုဘဝ ရင့်ကျက်လာဖို့နှင့် သင့်လမ်းခရီးကို လောကကြီးနှင့် နတ်ဆိုးသာမက ဇာတိပကတိကပါ မည်သို့ပင် အနှောင့်အယှက်ပေးပါလေစေ အဆင်သင့် ဖြစ်နေဖို့ ဘယ်လို လျှောက်လှမ်းရမည်တို့ကို အမှန်စင်စစ် ယာကုပ်က သင့်ကို ပြောပြထားသည်။ ၎င်းသည် ထိုအတိုင်းပင် အစပြုထားသည်။ ယာကုပ်စာ၏ စိတ်ဝင်စားဖွယ်အချက်မှာ ၎င်းသည် အမှန်စင်စစ် ဆင်းရဲဒုက္ခဖြင့် အစပြုထားခြင်း ဖြစ်သည်။ ဆင်းရဲဒုက္ခသည် လုံခွက်တစ်ခုပင် ဖြစ်သည်။ ၎င်းသည် အဆက်အစပ် ရေခံမြေခံပင် ဖြစ်သည်။ ခရစ်ယာန် ရင့်ကျက်ကြီးထွားမှုကို လေ့ကျင့်ပျိုးထောင်ရာ အားကစားခန်းမလည်း ဖြစ်သည်။ ၎င်းသည် သင့်ယုံကြည်ခြင်းကို ရိတ်သိမ်းပြီး ကြီးထွားစေရာနှင့် ဖြစ်လာမည့်အရာအတွက် ပြင်ဆင်မှုပြုရာ နေရာလည်း ဖြစ်သည်။ ဆင်းရဲဒုက္ခ၊ အပြစ်သွေးဆောင်မှု နှင့် စုံစမ်းနှောင့်ယှက်ခြင်းတို့ကို သင် သည်းခံပြီး ယုံကြည်ခြင်း၌ သင် ရှင်သန်နိုင်သည်နှင့်အမျှ သန့်ရှင်းသော ဝိညာဉ်တော်က နှုတ်ကပတ်တော်၌ ခရစ်တော်အားဖြင့်၊ သူ့ပညတ်တော်နှင့် သူ့ ဉာဏ်ပညာတို့အားဖြင့် အလုပ်လုပ်ဆောင်ပေးသည့်အတွက် သင့် ယုံကြည်ခြင်းသည်လည်း တိုးတက်၍ ခိုင်မာလာကာ နောင်လာမည့် စုံစမ်းနှောင့်ယှက်ခြင်းတို့အတွက် အဆင်သင့်ပြင်ဆင်မှု ရှိလာပေသည်။
>
> **ဒေါက်တာ Thomas L. Keene**

၁း၄ တွင် ယာကုပ်ပြောထားသည်ကို နားထောင်ကြည့်ပါ။

> သင်တို့သည် အလျင်းမချို့တဲ့ဘဲ စေ့စပ် စုံလင်မည့်အကြောင်း သည်းခံခြင်းစိတ်သည် အကုန်အစင် ပြုပြင်ပါစေ (ယာကုပ် ၁း၄)။

စုံစမ်းနှောင့်ယှက်ခြင်းများနှင့် သည်းခံခြင်းတို့သည် ရင့်ကျက်ခြင်းကို ဖြစ်စေသောကြောင့် ယာကုပ်သည်လည်း သည်းခံခြင်းကို အကုန်အစင် ပြုပြင်ခွင့်ပေးဖို့ သူ့ပရိသတ်ကို မှာကြားရခြင်း ဖြစ်သည်။ သည်းခံခြင်းသည်လည်း သူတို့အား အလျှင်းမချို့တဲ့စေဘဲ ရင့်ကျက်စုံလင်မှုသို့ ပို့ဆောင်လိမ့်မည် ဖြစ်သည်။

ယခု ဤနေရာတွင် ကျွန်ုပ်တို့ သတိထားရန် ရှိသည်။ အလျှင်းမချို့တဲ့သော ရင့်ကျက်စုံလင်မှု ဆိုသည်မှာ ယခုဘဝ၌ ကျွန်ုပ်တို့ ခြောက်ပစ်ကင်းသည့် ဘဝ ရောက်နိုင်သည့် သဘောမျိုး ယာကုပ် ဆိုလိုခဲ့ခြင်း မဟုတ်ပါ။ ၁ယော ၁း၈ လို ကျမ်းပိုဒ်များအရ “ကိုယ်အပြစ်မရှိဟု ငါတို့သည် ဆိုလျှင် ဘုရားသခင်ကို မုသာ အပြစ်တင်ကြ၏။ ငါတို့၌ သစ္စာတရားလည်း မရှိ” ဟု ဆိုထားသည်ကို ကျွန်ုပ်တို့ သိကြသည်။ သို့သော် ဘုရားသခင်ကို နာခံခြင်း၌ ကျွန်ုပ်တို့ ဆက်လက်ကြီးထွားကြမည်၊ ခရစ်တော် ပြန်ကြွလာချိန် တရားစီရင်သည့်အခါ ကျွန်ုပ်တို့ကို အရည်အချင်းမပြည့်မမီ ဖြစ်စေမည့် အရာမှန်သမျှကင်းစင်ပြီး ပြည့်ဝစုံလင်မှုသာ ကျွန်ုပ်တို့မှာ ရှိကြမည် ဆိုသည်တို့သာ ယာကုပ်စိတ်ထဲ ရှိခဲ့သည်။

စစ်ကြောစုံစမ်းခြင်း၊ သည်းခံခြင်း၊ ရင့်ကျက်ခြင်းတို့နှင့် စပ်လျဉ်း၍ လမ်းညွှန်ချက် ပေးပြီးသည့်နောက် ဤဖြစ်စဉ် အဆုံးတွင် ဆုလာဘ် ကြီးကြီးမားမား ရှိမည့်အကြောင်း ယာကုပ် ပြညွှန်ခဲ့သည်။

## ဆုလာဘ်

၁း၁၂ တွင် ဆုလာဘ် အကြောင်း သူဖော်ပြထားသည်။

> စုံစမ်းနှောင့်ယှက်ခြင်းကို သည်းခံသောသူသည် မင်္ဂလာရှိ၏။ အကြောင်းမူကား စစ်ကြောစုံစမ်းခြင်းကို ခံပြီးမှ သခင်ဘုရားကို ချစ်သောသူတို့အား ကတိထားတော်မူသော အသက်သရဖူကို ရလိမ့်မည် (ယာကုပ် ၁း၁၂)။

ဤနေရာတွင် ယာကုပ် ရှင်းပြထားသလို စုံစမ်းနှောင့်ယှက်ခြင်းများအတွင်း သည်းခံသူသည် စစ်ကြောစုံစမ်းခြင်းကို ကြံ့ကြံ့ခံနိုင်မည် ဖြစ်သည်။ ထို့နောက် ဘုန်းကြီးတော်မူသော ဘုရားသခင့် နိုင်ငံတော်အတွင်း ကိုယ်တော်ကို ချစ်သောသူတို့အား ကတိထားတော်မူသော အသက်သရဖူ တည်းဟူသော ထာဝရ အသက်ကို သူတို့ ရရှိကြမည် ဖြစ်သည်။ အဆိုပါ ရှုထောင့်အားလုံးကို ပေါင်းစည်း ဖော်ပြရာတွင် ယာကုပ်သည် သူ့ပရိသတ်အား ထိုးထွင်းသော တွေးခေါ်ဉာဏ်ပညာကို ပေးခဲ့သည်။ သူတို့ ကြုံရသည့် စုံစမ်းနှောင့်ယှက်ခြင်းများ အကြောင်းကို သိနားလည်ရန်အတွက် သူ လမ်းညွှန်ချက် ပေးခဲ့သည်။ အမှန်တွင် စုံစမ်းနှောင့်ယှက်ခြင်း တစ်ခုချင်းစီသည် သူတို့၏ ထာဝရ ကောင်းကျိုးအတွက် ရည်ရွယ်ပြီး ဘုရားသခင် ပေးတော်မူသော ဆုလက်ဆောင်များ ဖြစ်ကြသည်။

> စာစောင် အစကတည်းက ယာကုပ်ပြောသောအရာ တစ်ခုမှာ ဆင်းရဲဒုက္ခအတွင်း ကြံ့ကြံ့ခံသည်းခံခြင်း၏ အရေးကြီးပုံဖြစ်ပြီး ၎င်းအာဘော်သည်လည်း

စာစောင်တစ်လျှောက် အနှံ့အပြား ပေါ်လွင်လျက် ရှိနေသည်။ သူပြောသည့် အကြောင်းအရာက ခရစ်ယာန် ရင့်ကျက်မှုဆီသို့ ပို့ဆောင်သည် ဆိုသည်မှာလည်း အမှန်ပင် ဖြစ်သည်။ အခန်းကြီး ၁ အစပိုင်းတွင် သူက "ငါ့ညီအစ်ကိုတို့၊ အထူးထူး အပြားပြား စုံစမ်းနှောင့်ယှက်ခြင်းနှင့် တွေ့ကြုံသောအခါ ဝမ်းမြောက်စရာ အကြောင်းသက်သက် ဖြစ်သည်ဟူ၍ ထင်မှတ်ကြလော့" ဟု ဆိုထားသည်။ ထို့နောက် ထိုသို့ဆိုရခြင်း အကြောင်းရင်းကို သူ ဖော်ပြသည်။ "သင်တို့၏ ယုံကြည်ခြင်းကို စစ်ကြောစုံစမ်းခြင်း အရာသည် သည်းခံခြင်းကို ပွားစေတတ်သည်ဟု သင်တို့ သိမှတ်" သောကြောင့် ဖြစ်သည်ဟု ဆိုထားသည်။ ထို့နောက် သူ ဆက်ပြောသည်မှာ "သင်တို့သည် အလျှင်းမချို့တဲ့ဘဲ စေ့စပ် စုံလင်မည့်အကြောင်း သည်းခံခြင်းစိတ်သည် အကုန်အစင် ပြုပြင်ပါစေ" ဟူ၍ ဖြစ်သည်။ သို့ဖြစ်ပါက ဆင်းရဲဒုက္ခသည် ကျွန်ုပ်တို့နှင့် ဘုရားသခင် အတူရှိမနေကြောင်း ပြသည့် လက္ခဏာတစ်ခုအဖြစ် ကျွန်ုပ်တို့ ယူဆကောင်း ယူဆနိုင်သည်။ သို့သော် ဘုရားသခင်သည် ဆင်းရဲဒုက္ခကို ကျွန်ုပ်တို့အား ခွင့်ပြုထားရုံမျှမက ၎င်းကို ကျွန်ုပ်တို့ ဖြတ်သန်းခြင်းသည် သူ့ အလိုတော်အတိုင်း ကျွန်ုပ်တို့ကို ပုံဖော်ရာ၌ ကိုယ်တော်အားထုတ်တော်မူနေသည့် လက္ခဏာတစ်ခု ဖြစ်သည်ဟု ယာကုပ်က ရှုမြင်သည်။ ထို့ကြောင့် ယင်းနေရာသည် ကျွန်ုပ်တို့ ရင့်ကျက်မှု၌ အမှန်တကယ် ကြီးထွားသည့် နေရာပင် ဖြစ်သည်။ သူ ဆက်ပြောသည်မှာ "စုံစမ်းနှောင့်ယှက်ခြင်းကို သည်းခံသောသူသည် မင်္ဂလာရှိ၏။ အကြောင်းမူကား စုံစမ်းနှောင့်ယှက်ခြင်းကို ခံပြီးမှ" ဟူ၍ ပြောပြီးနောက် အခန်းကြီး ၁ အခန်းငယ် ၁၂ တွင် ဆက်၍ "ထိုသူသည် ဘုရားသခင်ကို ချစ်တော်မူသောသူတို့အား ကတိထားတော်မူသော အသက်သရဖူကို ရလိမ့်မည် ဖြစ်သည်" ဟု ဆိုထားသည်။ သို့ဖြစ်လျှင် ဆင်းရဲဒုက္ခနှင့် ပတ်သက်၍ စဉ်းစားရာ၌ ကွဲပြားသော မူဘောင်တစ်ခုကို သူ ပေးနေခြင်း ဖြစ်သည်။ ၎င်းသည် စင်စစ်အားဖြင့် မရှောင်လွှဲသင့်သောအရာဖြစ်သလို ရှာကြံသင့်သည့် အရာလည်း မဟုတ်ပေ။ ကျွန်ုပ်တို့၏ ယဉ်ကျေးမှုနယ်ပယ်၌ အောင်မြင်မှုကို ဆင်းရဲကင်းခြင်းနှင့် တိုင်းတာသော်ငြားလည်း ၎င်းအား ရင့်ကျက် ကြီးထွားစေမည့် အခွင့်အလမ်းတစ်ခုအဖြစ် ဤနေရာတွင် သူ ဖော်ပြထားသည်။ ၎င်းသည် ခရစ်ယာန် ရင့်ကျက်ကြီးထွားမှုကို ထုဆစ်ပုံဖော်ရာ လုံ့ခွက်တစ်ခုပင် ဖြစ်တော့သည်။

**— Rev. Dr. Thurman Williams**

တွေးခေါ် ဉာဏ်ပညာအပေါ် ယာကုပ်၏ အလေးပေးစူးစိုက်မှုသည် သူ့ပရိသတ်တို့ကို စုံစမ်းနှောင့်ယှက်ခြင်းတို့က စစ်ကြောနေစဉ်အတွင်း သူတို့ ဘာလိုအပ်နေသည် ဆိုသည့်အပေါ်



ဗီဒီယိုများ၊ သင်ခန်းစာ လမ်းညွှန်များ နှင့် အခြား အရင်းအမြစ်များအတွက် thirdmill.org တွင် သာ့ဒ်မစ်လ်ကို ဝင်ကြည့်နိုင်ပါသည်။

ဆွေးနွေးထားသည်။ ၎င်းသည် လမ်းညွှန်ချက်မှုကိုလည်း ပေးခဲ့သည်။ ယခုတွင် တွေးခေါ်ဉာဏ်ပညာ လမ်းစဉ်က ယုံကြည်ခြင်းအား မည်သို့ တောင်းဆိုခဲ့သည် ဆိုသည်ဖက်သို့ လှည့်ကြပါစို့။

# ယုံကြည်ခြင်း

ဤအကြောင်းကို သင်စဉ်းစားသောအခါ ပရိသတ်တို့ထံ သူတို့ကြုံရသည့် စုံစမ်းနှောင့်ယှက်ခြင်းများ အကြောင်း ယာကုပ်ပေးသော ထိုးထွင်းအမြင်တို့သည် တွေ့မြင်နေကျ ခရစ်ယာန် သွန်သင်ချက်များသာ ဖြစ်ကြသည်။ သို့သော် ကျွန်ုပ်တို့ အသက်တာ၌ ဆင်းရဲဒုက္ခ ကြုံလာသည့်နောက် ထိုအရာများ၏ လွှမ်းမိုးဖိစီးမှုကို ကျွန်ုပ်တို့ အကြီးအကျယ် ခံလာရချိန်တွင် အခြေခံအကျဆုံး ခရစ်ယာန် ယုံကြည်ချက်များကိုပင် မြဲမြဲဆုပ်ကိုင်ထားဖို့ ကျွန်ုပ်တို့အတွက် ခက်လှကြောင်း ကျွန်ုပ်တို့ အားလုံးသိကြသည်။ ဤအရာသည် သူ့ပရိသတ်အတွက်လည်း မှန်ကန်ခဲ့သဖြင့် ယာကုပ် စိုးရိမ်ကြောက်ရွံ့ခဲ့သည်မှာ သိသာသည်။ ထို့ကြောင့် သူတို့ထံ လတ်တလော သူ ပေးခဲ့သည့် ထိုးထွင်းအမြင်များကို လက်ခံယုံကြည်ရန်အတွက် ဘုရားသခင့်ထံ ယုံကြည်ခြင်း၌ သူတို့တိုးဝင်ဖို့ မဆိုင်းမတွ သူညွှန်ပြခဲ့ခြင်း ဖြစ်သည်။ ယာကုပ် ၁း၅ တွင် ဖတ်ရသည့် စကားလုံးများမှာ

> သင်တို့တွင် တစ်စုံတစ်ယောက်သောသူသည် ပညာကို လိုလျှင် ကဲ့ရဲ့ပြစ်တင်ခြင်းကို ပြုတော်မမူဘဲ ခပ်သိမ်းသောသူတို့အား စေတနာစိတ်နှင့် ပေးသနားတော်မူသော ဘုရားသခင်ကို တောင်းစေ။ တောင်းလျှင် ရလိမ့်မည် (ယာကုပ် ၁း၅)။

စုံစမ်းနှောင့်ယှက်ခြင်းတို့၏ နောက်ကွယ်၌ အမြဲလို ဖုံးကွယ်ထားလေ့ရှိသော ဘုရားသခင့် အကြံအစည်တော်များကို ကျွန်ုပ်တို့ နားလည်လိုပါက ၎င်းအတွက် ဘုရားသခင်ထံမှ ကျွန်ုပ်တို့ ဉာဏ်ပညာ တောင်းရမည်ကို ယာကုပ်သိသည်။ သို့သော် ၎င်းနောက် ၁း၆-၈ တွင် ယာကုပ်က ဉာဏ်ပညာ တောင်းခံခြင်းနှင့် ယုံကြည်ခြင်းတို့ကိုလည်း ချိတ်ဆက်ထားခဲ့သည်။

> သို့ရာတွင် တွေးတောခြင်းမရှိဘဲ ယုံကြည်သောစိတ်နှင့် တောင်းရမည်။ တွေးတောခြင်း ရှိသောသူသည်ကား ....... ထိုသို့သောသူသည် စိတ်နှစ်ခွ ရှိသောသူ၊ ပြုလေသမျှတို့၌ မတည်ကြည်သောသူဖြစ်၍ ထာဝရ ဘုရား၏ လက်တော်မှ တစ်စုံတစ်ခုကို ရမည်ဟု မထင်မှတ်စေနှင့် (ယာကုပ် ၁း၆-၈)။

ဤနေရာတွင် ကျွန်ုပ်တို့ တွေ့ရသလို ယာကုပ်သည် ဉာဏ်ပညာအတွက် ဆုတောင်းရာတွင် ယုံကြည်ခြင်းဖြင့် တောင်းရန်အတွက် တိုက်တွန်းခဲ့သည်။ သို့မဟုတ်ပါက ကျွန်ုပ်တို့သည် စိတ်နှစ်ခွရှိသောသူများ ဖြစ်သွားကြပေလိမ့်မည်။

အကြောင်းမလှစွာပင် ရိုးသားသော ခရစ်ယာန်တို့သည် ယုံကြည်ခြင်း၌ တောင်းခံရန်နှင့် စိတ်နှစ်ခွမဖြစ်ကြရန် ယာကုပ် သွန်သင်သည့် အချက်များအား နားလည်မှု လွဲနေကြသည်။



ဗီဒီယိုများ၊ သင်ခန်းစာ လမ်းညွှန်များ နှင့် အခြား အရင်းအမြစ်များအတွက် thirdmill.org တွင် သာ့ဒ်မစ်လ်ကို ဝင်ကြည့်နိုင်ပါသည်။

ကျွန်ုပ်တို့တောင်းလေ့ ရှိသည့် တိကျသည့် သီးသန့် ဆုတောင်းခံချက်များ၌ ယုံကြည်စိတ်ချမှု ရှိရှိတောင်းဖို့ ယာကုပ်ပြောခြင်း ဖြစ်သည်ဟု သူတို့ထင်နေကြသည်။ မကြာခဏဆိုသလိုပင် ခရစ်တော် နောက်လိုက်တို့အနေဖြင့် ကျွန်ုပ်တို့တွင် လုံလောက်ပြည့်စုံသည့် ယုံကြည်ခြင်း ရှိရုံမျှဖြင့် ကျွန်ုပ်တို့ ဖြစ်စေလိုသည့် ပုံစံအတိုင်း ကျွန်ုပ်တို့ ဆုတောင်းချက်များကို ဘုရားသခင် နားညောင်းပေးသည်ဟု ယုံကြည်ထားကြသည်။ သို့သော် ယာကုပ် ပြောလိုသည့်အရာမှာ ထိုသို့ မဟုတ်ခဲ့ပါ။ ယာကုပ် အလိုအရ "ယုံကြည်ခြင်း၌" ဟု ဆိုသည်မှာ "ဘုရားသခင့်အပေါ် သစ္စာ ရှိစွာဖြင့်" ဟု ပြောလိုရင်း ဖြစ်သည်။ ယုံကြည်ခြင်း၌ တောင်းလျှောက်မှု၏ ဆန့်ကျင်ဖက်သည် စိတ်နှစ်ခွ ရှိခြင်းဖြစ်သည်ဟု ယာကုပ် ဖော်ပြထားသောကြောင့် ကျွန်ုပ်တို့ ထိုသို့ သိကြရခြင်း ဖြစ်သည်။ ယာကုပ် အတွက် ဆိုပါလျှင် စိတ်နှစ်ခွ ရှိခြင်းသည် ဘုရားသခင်ကို ဆိုးဆိုးရွားရွား ဆန့်ကျင် ပုန်ကန်ခြင်းကဲ့သို့ ဖြစ်သည်။ ၄း၈-၉ ပါ စိတ်နှစ်ခွ ရှိခြင်းအကြောင်း ယာကုပ် ရှင်းပြပုံကို နားထောင်ကြည့်ပါ။

> အပြစ်ရှိသောသူတို့၊ သင်တို့လက်ကို စင်ကြယ်စေကြလော့။ စိတ်နှစ်ခွ ရှိသောသူတို့၊ သင်တို့စိတ်နှလုံးကို သန့်ရှင်းစေကြလော့။ ဆင်းရဲ ငြိုငြင်ခြင်း၊ စိတ်မသာ ညည်းတွားခြင်း၊ ငိုကြွေးမြည်တမ်းခြင်း ရှိကြလော့။ သင်တို့၏ ရယ်ခြင်းကို စိတ်မသာ ညည်းတွားခြင်း ဖြစ်စေကြလော့။ ဝမ်းမြောက်ခြင်းကိုလည်း ဝမ်းနည်းခြင်း ဖြစ်စေကြလော့ (ယာကုပ် ၄း၈-၉)။

ဤနေရာတွင် စိတ်နှစ်ခွ ရှိသောသူ ဆိုသည်မှာ ဆုတောင်းသည့်အခါ စိတ်ချမှု မရှိသူများ သက်သက် မဟုတ်ကြပါ။ သူတို့သည် မိမိတို့ စိတ်နှလုံးတို့ကို သန့်ရှင်းမှုရှိရမည့် အပြစ်ရှိသူများကို ဆိုလိုပါသည်။ သူတို့၏ သစ္စာမဲ့မှုသည် အလွန်ပင် ဆိုးရွားလှရကား စိတ်မသာ ညည်းတွားခြင်းနှင့် ဝမ်းနည်းခြင်းတို့သည် သူတို့အတွက် သင့်တော်လိုက်ဖက်လှပေသည်။

သို့ဖြစ်သောကြောင့် ယာကုပ်စာစောင် အသွားအလာအရ ဆိုပါက ဆုတောင်းခံချက်တစ်ခုအပေါ် ဘုရားသခင် အဖြေပေးမည်ကို အယုံအကြည်မဲ့နေသူ တစ်ဦးမျှလောက်ကိုပဲ သူ့စိတ်ထဲ စဉ်းစားနေခြင်း မဟုတ်ပါ။ ဘုရားသခင့် ကောင်းမြတ်ခြင်းအား အခြေခံကျကျ ငြင်းပယ်မှု တစ်ခုကို စဉ်းစားနေခြင်းဖြစ်သည်။ သိသာသည်မှာ ယာကုပ် ပရိသတ်အချို့သည် သူတို့ကျရှုံးမှုများအတွက် ဘုရားအပေါ် အပြစ်ဖို့နေခဲ့ကြသည်။ စုံစမ်းနှောင့်ယှက်ခြင်းများကို သူတို့ထံ ပို့လွှတ်ခဲ့သူမှာ ဘုရားသခင် ဖြစ်သည်၊ သူတို့အား အပြစ်သို့ သွေးဆောင်နေသူသည် ကိုယ်တော်သာလျှင် ဖြစ်သောကြောင့် ဘုရားသခင်ကိုယ်တိုင်သည် ဆိုးညစ်သူ ဖြစ်ရမည်ဟု သူတို့ တွေးနေခဲ့ကြသည်။ ဘုရားသခင်အား ထိုသို့ ပြောင်ပြောင်တင်းတင်း ဆန့်ကျင်ပုန်ကန်ပုံမျိုးကို ယာကုပ်က စိတ်နှစ်ခွ ရှိခြင်းအဖြစ် ရည်ညွှန်းဖော်ပြခဲ့သည်။ ဤဆိုးရွားသော အလွဲမှတ်ယူမှုကို ယာကုပ် ဖြေရှင်းထားရာ ၁း၁၃-၁၄ ကို နားထောင်ကြည့်ပါ။

> အပြစ်သွေးဆောင်ခြင်း ခံရသောသူမည်သည်ကား "ဘုရားသခင်သည် ငါ့ကို သွေးဆောင်တော်မူသည်ဟု မပြောစေနှင့်"။ မကောင်းသောအရာသည်



ဗီဒီယိုများ၊ သင်ခန်းစာ လမ်းညွှန်များ နှင့် အခြား အရင်းအမြစ်များအတွက် thirdmill.org တွင် သာ့ဒ်မစ်လ်ကို ဝင်ကြည့်နိုင်ပါသည်။

> ဘုရားသခင်ကို မသွေးဆောင်နိုင်ရာ။ ကိုယ်တော်သည်လည်း အဘယ်သူကိုမျှ အပြစ်သို့ သွေးဆောင်တော်မမူ။ မိမိတပ်မက်သောစိတ် ဆွဲငင်ဖြားယောင်းခြင်းကို ခံသောသူမည်သည်ကား အပြစ်သွေးဆောင်ခြင်းသို့ ရောက်တတ်၏ (ယာကုပ် ၁:၁၃-၁၄)။

ဤနေရာတွင် "အပြစ်သွေးဆောင်ခြင်း ခံရသည်" ဟု ပြန်ဆိုသော ဂရိ ဝေါဟာရ *ပေရားဇိုး* ကို ၁း၂ တွင် "စုံစမ်းနှောင့်ယှက်ခြင်းများ" ဟု ပြန်ဆိုထားကြောင်း မှတ်သားမိဖို့ အရေးကြီးပါသည်။ သို့သော် ဘုရားသခင် ကိုယ်တော်တိုင်ကမူ မည်သူ့ကိုမျှ သွေးဆောင်တော် မမူကြောင်း ယာကုပ်က အခိုင်အမာ ဆိုခဲ့သည်။ ဤအနက်ဖွင့်ချက်သည် "သူကိုယ်တိုင် ကိုယ်ကျ" ဟု ဆိုလိုသည့် ဂရိ နာမ်စား *အောင်းတိုစ်* ၏ အထူးပြုချက် အသားပေး သုံးနှုန်းပုံကို ထင်ဟပ်နေသည်။ ဘုရားသခင်သည် "မည်သူကိုမျှ" "စုံစမ်းသွေးဆောင်ခြင်း" မပြုဟု ဆိုရုံမျှ မဟုတ်ပါ။ လုံးစေ့ အနက်ပြန်ပါက *ဘုရားသခင် ကိုယ်တိုင်ကိုယ်ကျ မည်သူ့ကိုမျှ မစုံစမ်း မသွေးဆောင်* ဟု ပြောနေခြင်း ဖြစ်သည်။

ယောဘ ဝတ္ထု ရှေ့ပိုင်း အခန်းကြီးများထဲ ကျွန်ုပ်တို့ လေ့လာမိသမျှ ဘုရားသခင်သည် စုံစမ်းနှောင့်ယှက်ခြင်း၊ စစ်ကြောစုံစမ်းခြင်း၊ စုံစမ်းသွေးဆောင်ခြင်း ရှိသမျှတို့အပေါ် ထိန်းချုပ်လျက်ရှိသည်။ သို့သော် ကောင်းကင်ရုံးတော် မြင်ကွင်းအရမူ ဘုရားသခင်က ယောဘအား စုံစမ်းနှောင့်ယှက်မှု ခံယူစေခြင်းသည် သူ့ကို နှောင့်ယှက်ရန် မဟုတ်ဘဲ သူ့အတွက် ကောင်းကျိုးဖြစ်စေရန်သာ ရည်ရွယ်ခဲ့ကြောင်း ရှင်းလင်းသိသာလာသည်။ ဘုရားသခင်မဟုတ်ဘဲ စာတန်ကသာလျှင် ယောဘကို အပြစ်သို့ သွေးဆောင်ရန်အတွက် ယောဘ ခံစားရသည့် စုံစမ်းနှောင့်ယှက်ခြင်းများအား အသုံးချခဲ့ခြင်း ဖြစ်သည်။

ထို့ကြောင့် စိတ်နှစ်ခွမရှိဘဲ ယုံကြည်ခြင်း၌ ဉာဏ်ပညာကို ဆုတောင်းရယူရန်အတွက် ဘုရားသခင့် ကောင်းမြတ်ခြင်း အကြောင်းတည်းဟူသော အခြေခံအကျဆုံး သမ္မာကျမ်းစာ သွန်သင်ချက် တစ်ခုကို အခိုင်အမာအတည်ပြုရန် လိုအပ်သည်။ သည်းခံရခက်ခဲသော အခြေအနေများအတွင်း ကိုယ်တော်ထံမှ ဉာဏ်ပညာကို ကျွန်ုပ်တို့ ရှာဖွေကြသည့်အခါ ဘုရားသခင့် ကောင်းမြတ်ခြင်း အပေါ် ကျွန်ုပ်တို့ သံသယ မရှိသင့်ပါ။ သို့မဟုတ်ပါက ဘုရားသခင်က ကျွန်ုပ်တို့အား ဉာဏ်ပညာပေးမည်ဆိုသည်ကို ကျွန်ုပ်တို့ ယုံကြည်ရန် အကြောင်းမရှိပါ။ ၁း၁၇ တွင် ယာကုပ်ပြောခဲ့သည်မှာ

> ကောင်းမြတ်စုံလင်သော ဆုကျေးဇူး ရှိသမျှတို့သည် အလင်းတို့၏ အဘထံတော်က သက်ရောက်သည် ဖြစ်၍ အထက်အရပ်မှ လာကြ၏။ ထိုအဘသည် ရွေ့လျော့တိမ်းယိမ်းခြင်းမရှိ၊ ပြောင်းလဲခြင်း အရိပ်နှင့် ကင်းလွတ်တော်မူ၏ (ယာကုပ် ၁:၁၇)။

ဘုရားသခင်သည် "အလင်းတို့၏ အဘ" ဖြစ်သည်။ ကိုယ်တော်သည် "ကောင်းမြတ်" ပြီး "စုံလင်သော" ဆုကျေးဇူးတော်များကိုသာ ချပေးတော်မူသည်။ သို့ဖြစ်၍ စုံစမ်းနှောင့်ယှက်ခြင်းများအား



ဗီဒီယိုများ၊ သင်ခန်းစာ လမ်းညွှန်များ နှင့် အခြား အရင်းအမြစ်များအတွက် thirdmill.org တွင် သာ့ဒ်မစ်လ်ကို ဝင်ကြည့်နိုင်ပါသည်။

ကျွန်ုပ်တို့ကို ခံယူစေသော ကိုယ်တော့် ရည်ရွယ်ချက်သည် အမြဲတစေ ကောင်းမြတ်ပြီး စုံလင်မှု ရှိပေသည်။ တွေးခေါ်ဉာဏ်ပညာ လမ်းစဉ်ကို ကျွန်ုပ်တို့ လိုက်စားရှာဖွေရာတွင်လည်း ဤအရာသည် ကျွန်ုပ်တို့၏ အခိုင်အမာယုံကြည်ဝန်ခံချက် ဖြစ်ရပါမည်။

ယာကုပ် သြဝါဒစာထဲ တွေ့ရသော ဉာဏ်ပညာလမ်းစဉ် နှစ်ခုကို ကျွန်ုပ်တို့ လေ့လာရာတွင် တွေးခေါ် ဉာဏ်ပညာအပေါ် ယာကုပ်၏ စူးစိုက်မှုကို ကျွန်ုပ်တို့ စဉ်းစားခဲ့ကြပြီး ဖြစ်သည်။ ယခုတွင် လက်တွေ့ဉာဏ်ပညာ တည်းဟူသော ကျွန်ုပ်တို့၏ ဒုတိယမြောက် ခေါင်းစဉ် ဆီသို့ ဆက်သွားဖို့ရန် ကျွန်ုပ်တို့ အဆင်သင့် ရှိနေကြပြီ ဖြစ်ပါသည်။ ဉာဏ်ပညာကို လက်တွေ့အသုံးချခြင်းနှင့် စပ်လျဉ်း၍ ဤဓမ္မသစ်စာစောင်၌ ဘာများ ပြောဆိုသွန်သင်စရာ ရှိနေပါသနည်း။

# လက်တွေ့ဉာဏ်ပညာ

ဗဟုသုတ ကြွယ်သော ပုဂ္ဂိုလ်များနှင့် တစ်ချိန်မဟုတ် တစ်ချိန် ကျွန်ုပ်တို့ ဆုံဖူးခဲ့ကြပြီး ဖြစ်ပါသည်။ အခြားသူတွေ မသိသော အရာများစွာကို သူတို့သိသဖြင့် လူတိုင်းက သူတို့အပေါ် အထင်ကြီးကြသည်။ သို့သော် တစ်ခါတစ်ရံတွင်မူ အဆိုပါ အထင်ကြီးဖွယ်ကောင်းသူတို့သည် လက်တွေ့ ဘဝအကြောင်း များများစားစား မသိရှိကြပေ။ သူတို့၏ ထိုးထွင်းအမြင်များအား မှန်သော အပြုအမူ နှင့် မှန်သော သဘောထားများအဖြစ် မည်သို့ လက်တွေ့အသုံးချရမည်ကို သူတို့ မသိရှိကြပါ။ ယာကုပ်သည် ဤပြဿနာအား အနေအထားအမျိုးမျိုးမှ ကိုင်တွယ် ဆောင်ရွက်ခဲ့သည်။ ကျွန်ုပ်တို့ တွေ့ခဲ့ပြီး ဖြစ်သလို သူ့သြဝါဒစာအား တွေးခေါ်ဉာဏ်ပညာအပေါ် အလေးပေးချက်ဖြင့် အစပြုထားခဲ့သည်။ စုံစမ်းနှောင့်ယှက်ခြင်းများအား ကျွန်ုပ်တို့ အဘယ်ကြောင့် တွေ့ကြုံရသည် ဆိုသည့် ဘုရားသခင် ဖုံးကွယ်ထားသည့် ရည်ရွယ်ချက်များအတွက် ထိုးထွင်းအမြင်များ ရရှိရေးသည် အဘယ်မျှလောက် အရေးပါကြောင်း သူသိခဲ့သည်။ သို့သော် ဤအသိများကို ဘုရားသခင်နှစ်သက်သော အပြုအမူ၊ သဘောထားများအဖြစ် လက်တွေ့ဖော်ဆောင်သည့် စွမ်းရည် ဖြစ်သော လက်တွေ့ဉာဏ်ပညာ အပေါ်တွင်လည်း သူစူးစိုက်ခဲ့သည်။

ရိုးရိုးရှင်းရှင်း ဖြစ်ရန်အတွက် ကျွန်ုပ်တို့ စောစောပိုင်း ဆွေးနွေးချက်များနှင့် တူညီသည့် နည်းဟန်များအတိုင်း လက်တွေ့ဉာဏ်ပညာကို လေ့လာကိုင်တွယ်ကြပါမည်။ ပထမဦးစွာ လက်တွေ့ ဉာဏ်ပညာ လိုအပ်ချက်အပေါ် ကျွန်ုပ်တို့ စဉ်းစားကြပါမည်။ ဒုတိယအားဖြင့် ယာကုပ်က သူ့ပရိသတ်အား မည်သို့ လမ်းညွှန်ချက်ပေးသည်ကို ကျွန်ုပ်တို့ မှတ်သားကြပါမည်။ ထို့နောက် တတိယအားဖြင့် ယုံကြည်ခြင်းနှင့် လက်တွေ့ကျင့်ဆောင်မှုတို့အကြား ဆက်နွယ်မှုကို ကျွန်ုပ်တို့ လေ့လာကြပါမည်။ ပထမဦးစွာ သူ့ပရိသတ်တို့၏ လက်တွေ့ဉာဏ်ပညာ လိုအပ်ချက်အပေါ် ယာကုပ်က မည်သို့ အလေးပေးဖော်ပြထားသည်ကို ကြည့်ကြပါစို့။



ဗီဒီယိုများ၊ သင်ခန်းစာ လမ်းညွှန်များ နှင့် အခြား အရင်းအမြစ်များအတွက် thirdmill.org တွင် သာ့ဒ်မစ်လ်ကို ဝင်ကြည့်နိုင်ပါသည်။

# လိုအပ်ချက်

အစောပိုင်းက ကျွန်ုပ်တို့ တွေ့ခဲ့ကြသလို "ဉာဏ်ပညာ" နှင့် "အသိအလိမ္မာပြည့်စုံသော" ဟူသည့် စကားလုံးများကိုသာ ယာကုပ် အသုံးပြုခဲ့သည်။ ထိုအထဲမှ ပထမ စကားလုံးမှာ ၁း၂-၁၈ တွင်ပါရှိပြီး တွေးခေါ် ဉာဏ်ပညာကို ယာကုပ် အလေးပေးဖော်ပြသည့် နေရာ ဖြစ်သည်။ ဒုတိယ စကားလုံးမှာ ၃း၁၃-၁၈ တွင် ပါရှိပြီး ဉာဏ်ပညာကို လက်တွေ့ အသုံးပြုရန် လိုအပ်ချက်အပေါ် ယာကုပ် အလေးပေးဖော်ပြရာ နေရာ ဖြစ်သည်။

> ယာကုပ် ဩဝါဒစာသည် အလွန်ပင် လက်တွေ့ကျသောစာ ဖြစ်သည်။ ထို့ကြောင့် မိမိတို့ ယုံကြည်သည့်အတိုင်း လူတို့ ကျင့်ဆောင်ဖို့ သူ အမှန်တကယ် သေချာစေချင်နေသည်။ ဤအရာကို သူမည်သည့်နေရာမှ ရပါသနည်း။ ဟုတ်ပါသည်။ အဖြေမှာ ယေရှုခရစ်ကိုယ်တိုင်ပင် ဖြစ်သည်ဟု ကျွန်ုပ်ထင်ပါသည်။ ကျွန်ုပ် ဆိုလိုသည်မှာ ယေရှု ကိုယ်တိုင်က သဲပေါ်မှာ သို့မဟုတ် ကျောက်ပေါ်မှာ အိမ်ဆောက်ခြင်း အကြောင်းများကို ပုံဥပမာများဖြင့် ပြဆိုခဲ့ပြီးဖြစ်သဖြင့် အဆုံးအဖြတ်ပေးသည့်အချက်မှာ "သင်တို့အား ငါ ပညတ်ခဲ့ပြီးသည်တို့ကို သင်တို့ လုပ်ဆောင်နေကြပါသလား၊ ငါ့သွန်သင်ချက်ကို သင်တို့ လက်တွေ့ ကျင့်ဆောင်နေကြပါသလား" ဟူ၍ ဖြစ်သည်။ ထိုအရာသည် ယေရှု တွေ့မြင်လိုသည့် အရာပင် ဖြစ်ခဲ့သည်။ မိမိတို့ ယုံကြည်သည့်အတိုင်း လက်တွေ့လုပ်ဆောင်ပြီး လက်တွေ့ကျကျ လိုက်နာကျင့်ဆောင်သူတို့ကို ယေရှု ရှာနေခဲ့သည်။ သင်သိထားသည့်အတိုင်း ဖာရိရှဲတို့နှင့် ပတ်သက်၍ "သူတို့ စီရင်ထုံးဖွဲ့သမျှတို့ကို စောင့်ရှောက်၍ ပြုကြလော့၊ သို့သော် သူတို့အကျင့်အတိုင်း မကျင့်ကြနှင့်။ အကြောင်းမူကား သူတို့သည် စီရင်ထုံးဖွဲ့သော်လည်း ကိုယ်တိုင် မကျင့်ကြ" ဟု ကိုယ်တော် သတိပေးခဲ့သည်။ သို့ဖြစ်၍ ပညတ်ချက်တို့ကို လက်တွေ့ကျင့်ဆောင်ရေး ကိစ္စအပေါ် ယေရှုက အလွန်ပင် အာရုံစိုက် အလေးထားခဲ့သည်ဖြစ်၍ ယာကုပ်သည်လည်း ထိုအရာသည် အမှန်စင်စစ် အရေးကြီးပါပေသည်ဟု ဆိုရာ၌ တနည်းဆိုရလျှင် သူ့နောင်တော် ယေရှုကို အတုယူနေခြင်းသာ ဖြစ်သည်ဟု ကျွန်ုပ် ယူဆပါသည်။ ကနဦးအသင်းတော် အခြေအနေမှ ကျွန်ုပ်တို့ တွေးဆယူနိုင်သော နောက်ထပ် အကြောင်းရင်းလည်း ရှိနိုင်ပါသေးသည်။ ၎င်းမှာ သူ့ပရိသတ်ထဲက အချို့တို့သည် ခရစ်တော်၏ အသက်တာကို ဧကန်အမှန် မပြသကြသည့်အခါ ထိုအရာသည် ခရစ်ယာန်တို့၏ သက်သေခံခြင်းကို မည်မျှလောက် ထိခိုက်ပျက်ဆီးစေသည်ကို ယာကုပ်က စတင် မြင်တွေ့ခဲ့ပြီးသောကြောင့်လည်း ဖြစ်နိုင်သည်။ သူတို့၌ ယေရှုအကြောင်း ဩဝါဒသွန်သင်ချက် အကြီးကြီးတွေ ရှိထားသည်။ သို့သော် ထိုအတိုင်း သူတို့ လက်တွေ့ အသက်ရှင်ခြင်း မရှိနေခဲ့ပါ။ ထို့ကြောင့် "သင်တို့ ဟောသည့် အတိုင်း



ဗီဒီယိုများ၊ သင်ခန်းစာ လမ်းညွှန်များ နှင့် အခြား အရင်းအမြစ်များအတွက် thirdmill.org တွင် သာ့ဒ်မစ်လ်ကို ဝင်ကြည့်နိုင်ပါသည်။

> သင်တို့ လက်တွေ့ မလုပ်ကြပါလား”ဆိုသည့် ဝေဖန်ပြစ်တင်မှုများလည်း ပေါ်လာခဲ့သည်။ ထိုအရာသည် ခရစ်ယာန် သတင်းကောင်းကို အသရေ ပျက်စေမည် ဖြစ်သည်။ ယေရှု ကိုယ်တိုင်က “စုံလင်ခြင်း ရှိကြလော့” ဟု မိန့်မှာခဲ့သည် ဖြစ်သောကြောင့် ယာကုပ်ကလည်း ဤသွန်သင်ချက်ကို ထပ်၍ ဆိုရခြင်း ဖြစ်သည်။ ပညတ်ထားသည့်အတိုင်း လူတို့အား လက်တွေ့ ကျင့်ဆောင်စေရန် သူအလိုရှိသည်။ ၎င်းသည် ကျွန်ုပ်တို့ တွေ့ရသည့် အလေးပေးဖော်ပြချက်ပင် ဖြစ်တော့သည်။

**ဒေါက်တာ Peter Walker**

၃း၁၃ အရ လက်တွေ့ဉာဏ်ပညာ ဆိုင်ရာ အခြေခံ စည်းမျဉ်းများအား ယာကုပ် မိတ်ဆက်ခဲ့ပုံကို နားထောင်ကြည့်ပါ။

> သင်တို့တွင် အတတ်အလိမ္မာနှင့် ပြည့်စုံသော ပညာရှိ တစ်စုံတစ်ယောက် ရှိလျှင် ထိုသူသည် ပညာ၏ နူးညံ့သိမ်မွေ့ခြင်းနှင့်တကွ ကောင်းမြတ်သော ကျင့်ကြံပြုမူခြင်းအားဖြင့် မိမိအမှုတို့ကို ပြပါစေ (ယာကုပ် ၃း၁၃)။

ယာကုပ်ပရိသတ်ထဲက အများစုသည် ဓမ္မဟောင်းနှင့် အကျွမ်းတဝင် ရှိသူများ ဖြစ်သည်ကို ကျွန်ုပ်တို့ သတိရပါလျှင် အဘယ်ကြောင့် အချို့တို့က “အတတ်အလိမ္မာနှင့် ပြည့်စုံသော ပညာရှိ” ဖြစ်သည်ဟု ဆိုခဲ့ကြောင်း ကျွန်ုပ်တို့ နားလည်ရန် မခက်ပါ။ သို့သော် သူတို့ အဆို စစ်မှန်ခဲ့လျှင် “ကောင်းမြတ်သော ကျင့်ကြံပြုမူခြင်းအားဖြင့် မိမိအမှုတို့ကို” သူတို့ ပြခဲ့ရလိမ့်မည်ဟု ယာကုပ် အခိုင်အမာဆိုခဲ့သည်။ တနည်း ဆိုပါလျှင် လက်တွေ့ကျသော ဉာဏ်ပညာကို သူတို့ လိုနေခဲ့ကြခြင်း ဖြစ်သည်။ ဓမ္မဟောင်း သွန်သင်မှု အထူးသဖြင့် သုတ္တံကျမ်း၏ ဩဇာလွှမ်းမိုးမှုအောက်ဝယ် ဉာဏ်ပညာဟူသည် ဓမ္မပညာပိုင်းဆိုင်ရာ နက်နက်ရှိုင်းရှိုင်း ထိုးထွင်းသိမြင်မှုတို့ထက် များစွာ ပိုကြောင်း ယာကုပ်သိခဲ့သည်။

ဘုရားသခင့်ထံတော်မှ လာသော ဉာဏ်ပညာကို စိတ်နှလုံး အပြည့်အဝ ပိုက်ပွေ့ထားသူတို့သည် "ထိုဉာဏ်ပညာမှ လာသော" "ကောင်းမြတ်သည့် ကျင့်ကြံပြုမူခြင်း အသက်တာ" ၌ ရှင်သန်ခဲ့လိမ့်မည် ဖြစ်သည်။ သို့သော် ဤကောင်းမြတ်သော အသက်တာ၌ “ ကျင့်ကြံပြုမူခြင်း” သို့မဟုတ် “အမှုတို့” ဟု ဆိုနိုင်သော အရာတို့ ပါဝင်နေသည်ကိုလည်း ယာကုပ်က ညွှန်ပြခဲ့သေးသည်။ ထို့ကြောင့် ၎င်း၌ “နှိမ့်ချခြင်း” ကဲ့သို့သော အထူးတလည်ဟု ဆိုရသည့် သဘောထားများ ပါဝင်နေသည်။ ကျွန်ုပ်တို့ တွေ့ကြရမည်ဖြစ်သလို မှန်သော အပြုအမူများနှင့် မှန်သော သဘောထား နှစ်မျိုးလုံးသည် လက်တွေ့ကျသော ဉာဏ်ပညာအတွက် မရှိမဖြစ် အခြေခံကျသည်။

လက်တွေ့ကျသော ဉာဏ်ပညာလိုအပ်ပုံကို ရှေ့ဆက်ရှင်းပြရန်အတွက် ယာကုပ်က ဤသင်ခန်းစာ အရှေ့ပိုင်းထဲ ကျွန်ုပ်တို့ ဖော်ပြခဲ့သည့် လက်တွေ့ဉာဏ်ပညာ အမျိုးအစား နှစ်ခုကို



ဗီဒီယိုများ၊ သင်ခန်းစာ လမ်းညွှန်များ နှင့် အခြား အရင်းအမြစ်များအတွက် thirdmill.org တွင် သာ့ဒ်မစ်လ်ကို ဝင်ကြည့်နိုင်ပါသည်။

နိူင်းယှဉ်ခြားနားပြထားသည်။ ပထမတွင် မြေကြီးပညာကို သူ ဖော်ပြသည်။ ထို့နောက် အထက်အရပ်မှ လာသော ပညာ အကြောင်း သူပြောသည်။ မြေကြီး ပညာကို ဦးစွာကြည့်ကြပါစို့။

## မြေကြီး

၃း၁၄-၁၆ တွင် မြေကြီးပညာဟူသော ဖော်ပြချက်ကို ကျွန်ုပ်တို့ တွေ့ရသည်။

> သင့်တို့ စိတ်ထဲမှာ ခါးစွာသော ဂုဏ်ပြိုင်ခြင်း၊ ရန်တွေ့ခြင်း ရှိလျှင် သမ္မာတရားကို မုသာဖြင့် ဆန့်၍ မဝါကြွားနှင့်။ ထိုသို့သော "ပညာ" သည် အထက်မှ သက်ရောက်သော ပညာမဟုတ်။ မြေကြီးပညာ၊ ဇာတိပကတိ ပညာ၊ နတ်ဆိုး ပညာ ဖြစ်၏။ အကြောင်းမူကား ဂုဏ်ပြိုင်ခြင်း၊ ရန်တွေ့ခြင်း ရှိလျှင် မငြိမ် မဝပ် ရုန်းရင်းခတ်ခြင်း၊ ဆိုးညစ်စွာ ပြုမူခြင်း အမျိုးမျိုး ရှိတတ်၏ (၃း၁၄-၁၆)။

ဤသင်ခန်းစာ ပထမတစ်ဝက်ထဲ ကျွန်ုပ်တို့ တွေ့ခဲ့သလို အသင်းတော်အတွင်း လူချမ်းသာတို့နှင့် ဆင်းရဲသားတို့အကြား ရုန်းရင်းခတ်မှုအပေါ် ယာကုပ်က အလွန်အမင်း အလေးဂရုပြုခဲ့သည်။ အသင်းတော်များ၌ လူအများသည် သူတို့စိတ်နှလုံးများအတွင်း ဂုဏ်ပြိုင်ခြင်း၊ ရန်တွေ့ခြင်းများအား နေရာပေးခဲ့ကြသည် ဆိုသည့် အချက်ကို သူတင်ပြခဲ့သည်။ အခန်းငယ် ၁၅ အရ အနည်းဆုံး အချို့တို့သည် ထိုအရာအား "ဉာဏ်ပညာ"ဟု ခေါ်ဝေါ်သုံးနှုန်းခြင်းဖြင့် သူတို့ ပြုမူချက်များ မှန်ကန်ကြောင်း သက်သေထူခဲ့ကြသည်။ သို့သော် သူတို့ ပြုမူနေသည်များအပေါ် ကြွားဝါခြင်းမပြုဖို့ သို့မဟုတ် သူတို့အား သူ ရှင်းပြမည့် သမ္မာတရားကို ငြင်းဆန်ခြင်းမပြုဖို့ သူတို့အား သူ သတိပေးခဲ့သည်။

ကနဦးအသင်းတော် ကာလအတွင်း ဆင်းရဲသားများနှင့် လူချမ်းသာများအကြား ပဋိပက္ခ အကြောင်း အဘယ်ကြောင့် ယာကုပ်က ဤမျှလောက် အကြီးအကျယ် ဂရုစိုက်နေခဲ့သည်ကို ယနေ့ခေတ် ခရစ်ယာန်များစွာအတွက် နားလည်ရန် အခက်အခဲ ရှိနေသည်။ ယနေ့ အသင်းတော် ယုံကြည်သူများထဲ၌ ဆင်းရဲသူနှင့် ချမ်းသာသူ ဆက်လက် ကွဲပြားပါဝင်လျက် ရှိနေသည်။ သို့သော် ခေတ်သစ်ကမ္ဘာတွင်မူ ဒေသန္တရ လူ့အဖွဲ့အစည်းတို့သည် ပထမ ရာစုနှစ်ကထက်စာလျှင် မိမိတို့နှင့် လူမှုရေးအရ မျိုးတူရာဆီသို့ ပိုမို အားသန်လာကြသည်။ ချမ်းသာသော ခရစ်ယာန်များက အခြားသော ချမ်းသာသူများနှင့် အတူ ဘုရားကျောင်းသွားကြသလို ဆင်းရဲသား ခရစ်ယာန်တို့ကလည်း အခြားသော ဆင်းရဲသား ခရစ်ယာန်များနှင့်အတူ ဘုရားကျောင်းတက်တတ်ကြသည်။ သို့သော် သင့် ဒေသန္တရ အသင်းတော်တွင် အလွန်အမင်းဆင်းရဲသူနှင့် အလွန်အမင်းချမ်းသာသူတို့ ရှိနေခဲ့ကြသည် ဆိုပါစို့။ ပွတ်တိုက်မှုများ မည်မျှလောက် ရှိလာပါလိမ့်မည်နည်း။ အချို့ ယုံကြည်သူများက ညစာဘယ်အချိန် စားရမည်ကိုပင် မသိဘဲဘုရားကျောင်းသို့ စုတ်စုတ်ပြတ်ပြတ် ဖြင့် ရောက်လာကြမည်၊ အချို့ကတော့ အိပ်ထောင်ထဲငွေ အပြည့်ဖြင့် ဝတ်ကောင်းစားလှ ဝတ်ကာ ထိုတခန်းတည်းမှာပဲ ထိုင်နေကြမည်။ သင့် ဒေသန္တရ အသင်းတော်တွင် ထိုကဲ့သို့သော အဖြစ်မျိုး ရှိနေခဲ့မည်ဆိုလျှင် သင့်အသင်းတော်သည် ရုန်းရင်းခတ်ပေလိမ့်မည်။



ဗီဒီယိုများ၊ သင်ခန်းစာ လမ်းညွှန်များ နှင့် အခြား အရင်းအမြစ်များအတွက် thirdmill.org တွင် သာ့ဒ်မစ်လ်ကို ဝင်ကြည့်နိုင်ပါသည်။

ယာကုပ်တို့ အချိန်ကာလက ဆင်းရဲသားနှင့် လူချမ်းသာတို့အကြား ပဋိပက္ခတို့သည် သူလိပ်မူရေးသားသော အသင်းတော်များ၌ အကြီးအကျယ် ထိခိုက်မှုများကို ဖြစ်စေလျက် ရှိသည်။ လူချမ်းသာများအပေါ် မနာလိုပြိုင်ခြင်းသည် လုံးလုံး မှန်ကန်သည်၊ ပညာရှိပီသသည်ဟူ၍ပင် ဆင်းရဲသားတို့က ခံစားကြသည်။ ဆင်းရဲသားတို့အပေါ် ရက်ရောဖို့ ချမ်းသာသူတို့အား ဓမ္မဟောင်း သုတ္တံစကားများက သွန်သင်ထားကြောင်း သူတို့သိကြသည်။ သို့ဖြစ်၍ သူတို့၏ ခရစ်ယာန် ညီအစ်ကို မောင်နှမတို့အနေဖြင့် သူတို့ရှိသမျှကို မိမိတို့အား မျှဝေသင့်ကြသည်။ တဖန် ချမ်းသာသူတို့ဖက်ကလည်း သူတို့ တစ်ဘိုကိုသာ ကြည့်ခြင်းသည် လုံးဝ မှန်ကန်သည်၊ ပညာရှိ ပီသသည်ဟုပင် ခံစားကြသည်။ ပျင်းရိမှုကြောင့် ဆင်းရဲမွဲတေရခြင်းကို အပြစ်ဖို့သော ဓမ္မဟောင်း သုတ္တံကျမ်းစကားများအား သူတို့ကိုးကားလျက် ချမ်းသာကြွယ်ဝခြင်းသည် ကြိုးစားအားထုတ်မှု၏ ဆုလာဒ်ဖြစ်ကြောင်း သူတို့ ရှင်းပြနိုင်ကြသည်။

သို့သော် အဆိုပါ ဉာဏ်ပညာမျိုးသည် သာမန် အလွဲယူမှု၊ လမ်းလွဲမှုမျိုးထက် အများကြီး ပိုဆိုးကြောင်း ယာကုပ်က သတိပေးခဲ့သည်။ ၎င်းသည် မြေကြီးဆန်ပြီး ဝိညာဉ် မဆန်သော ပညာ ဖြစ်သည်။ တနည်းအားဖြင့် ဇာတိပကတိ ဖြစ်ပြီး နတ်ဆိုးနှင့် သက်ဆိုင်သည်။ ဤသို့သော နတ်ဆိုးထံမှ အစပြုကြောင်း အထောက်အထားမှာ မလွဲနိုင်ပါ။ ၎င်းသည် အသင်းတော်အတွင်း ရုန်းရင်းဆန်ခတ်မှုဆီ ဦးတည်စေပြီး ဆိုးညစ်သော အပြုအမူ အမျိုးမျိုးကိုလည်း ဖြစ်စေသည်။

> ကိုယ့်အမြင်အရ ကိုယ့်ကိုယ်ကိုယ် ပညာရှိထင်နေကြသူများကို လူတိုင်း တွေ့ကြုံဖူးကြမည်ဟု ကျွန်ုပ်ထင်ပါသည်။ အဆိုပါ ပညာသည် အမြဲလိုလို ငါတစ်ကောကောမှု၊ ရန်လိုမှု၊ ဆန့်ကျင်ဖက် ဖြစ်လိုမှု လက္ခဏာများဖြင့် ထင်ရှားနေလေ့ ရှိသည်။ ထိုအရာသည် ဘုရားသခင့်အထံတော်မှ လာသော ဉာဏ်ပညာမဟုတ်ကြောင်းကိုလည်း ယာကုပ်က ပြောပြသည်။ အမှန်ဆိုရလျှင် ထိုပညာမျိုး၊ ထိုလောကီပညာမျိုး သို့မဟုတ် သူ့အခေါ်အရ အောက်အရပ်မှ လာသော ပညာသည် စင်စစ်အားဖြင့် အန္တရာယ်ရှိပြီး အသုံးမဝင် ဖြစ်ရုံမျှ မကပါ။ အကယ်စင်စစ် ၎င်းအား "နတ်ဆိုးပညာ"ဟု သူက ခေါ်ဆိုထားသည်။ ဘုရားသခင့် အထံတော်မှ လာသော ပညာသည် ဘုရားသခင်ကို ကြောက်ရွံ့ခြင်းထဲမှ ထွက်ပြူလာသော ပညာဖြစ်သည့်အားလျော်စွာ ရလာဒ်အနေဖြင့် ၎င်းသည် နှိမ့်ချခြင်း၊ ကရုဏာကြွယ်ဝခြင်းများအားဖြင့် ထင်ရှားသည်။ ယာကုပ် အဆိုအရ ပညာသည် လူတို့၏ ကိုယ်ပိုင် ဖန်တီးချက်မဟုတ်၊ သူတို့အား ရက်ရောစွာပေးသနားတော်မူသော ဘုရားသခင် ကိုယ်တော်တိုင်၏ ဖန်တီးချက် ဖြစ်ကြောင်း လူက သိမှတ်သည့်အတိုင်း သခင်ဘုရားအပေါ် သစ္စာစောင့်သိမှုအားဖြင့်လည်း ထင်ရှားသည်။ ထိုအရာသည် ခရစ်ယာန်များ၊ ခရစ်တော် နောက်လိုက်များ၊ ရှောလမုန်ထက် ပိုမို ကြီးမြတ်သည့် ပညာရှိသူ အမြော်အမြင်ရှိသူများအနေဖြင့် မိမိတို့ အသက်တာတွင် ပေါ်လွင်စေရမည့် ပညာမျိုးပင် ဖြစ်သည်။

**ဒေါက်တာ Scott Redd**

အဆုံးတွင် ခရစ်တော်၏ ကိုယ်ခန္ဓာသည် ဘုရားသခင့် အမှုတော်ကို ထောက်ကူရမည့်အစား ကွဲပြားမှုများ ဖြစ်လာပြီး အချင်းချင်း ကိုယ့်ကိုယ်ကိုယ် ပြန်လည် စစ်တိုက်ကြရတော့သည်။ ယာကုပ် လိပ်မူရေးပို့သော အသင်းတော်လူစုတို့သည် ဘုရားသခင့် အမှုတော်ကို ဖျက်ဆီးခြင်းထက် ဘာမျှမပိုသည့် အရာတို့ကို ရှာကြံနေသော နတ်ဆိုးများ၏ သားကောင်ဘဝသို့ ကျရောက်ခဲ့ကြသည်။ ဤဖျက်ဆီးမှု လုပ်ရပ်သည်ပင်လျှင် မိမိ ပရိသတ်တို့ လက်တွေ့ဉာဏ်ပညာလိုအပ်နေကြောင်း အခိုင်အမာ တိုက်တွန်းဖို့ ယာကုပ်ကို ဖိအားပေးခဲ့သည်။

ဖျက်ဆီးတတ်သော မြေကြီးပညာကို ငြင်းပယ်ခြင်းဖြင့်လက်တွေ့ပညာ လိုအပ်မှုအကြောင်း ဆွေးနွေးပြီးသည့်နောက် ယာကုပ်သည် အထက်အရပ်မှ လာသော ပညာဟု သူခေါ်ဆိုသော နောက်ထပ်ရွေးချယ်စရာ တစ်ခုဆီ ရုတ်ခြည်း လှည့်သွားခဲ့သည်။

## အထက်အရပ်မှ လာသော ပညာ

၃း၁၇ တွင် ယာကုပ်က ဤ အပြုသဘောဆောင် အထက်အရပ်မှ လာသောပညာ အကြောင်းကို ဖော်ပြခဲ့သည်။

> အထက်မှ သက်ရောက်သော ပညာမူကား ရှေးဦးစွာ စင်ကြယ်၏။ ထိုမှတပါး အသင့်အတင့် နေတတ်၏။ ဖြည်းညှင်းသော သဘောရှိ၏။ သွေးဆောင်လွယ်၏။ ကရုဏာနှင့်ငင်း၊ ကောင်းကျိုးနှင့်ငင်း ပြည့်စုံ၏။ လစ်လျူသောစိတ် ရှိ၏။ လျှို့ဝှက်ခြင်းနှင့် ကင်းစင်၏ (ယာကုပ် ၃း၁၇)။

ဤနေရာတွင် ဘုရားသခင့်ထံမှ လာသော ပညာဟု ဆိုလိုသည့် အထက်မှ သက်ရောက်သည့် ပညာကို ယာကုပ် ပြောလိုရင်း ဖြစ်ကြောင်း ကျွန်ုပ်တို့ တွေ့ရသည်။ ဤပညာသည် အသင့်အတင့် နေတတ်သည်။ ဖြည်းညှင်းသော သဘော ရှိသည်။ သွေးဆောင်လွယ်သည်။ ကရုဏာနှင့်ငင်း၊ ကောင်းကျိုးနှင့်ငင်း ပြည့်စုံပြီး မျက်နှာလိုက်ခြင်းမရှိဘဲ ရိုးသားဖြူစင်သည်။ တနည်းဆိုရလျှင် အထက်မှ သက်ရောက်သော ပညာသည် မနာလို ဝန်တိုမှု နှင့် အချီးနှီးသော ကျော်စောကိတ္တိရှိခြင်းတို့ကို ဆင်းရဲသားရှုထောင့်မှ ဖြစ်စေ၊ လူချမ်းသာ ရှုထောင့်မှ ဖြစ်စေ တလွဲ အမှန်ယူခြင်းမရှိ။ ဘုရားသခင့်ထံတော်မှ လာသော ပညာသည် အသင့်အတင့်နေခြင်းကို ချစ်နှစ်သက်လိုစိတ်အား မြှင့်တင်ပေးသည်။ ထို့ပြင် ဘုရားသခင့်လူတို့သည် ဤအသင့်အတင့်နေတတ်ခြင်းအား အခြားသူများအပေါ် ဖြည်းညှင်းခြင်း၊ သွေးဆောင်လွယ်ခြင်း၊ ကရုဏာပြခြင်းများအားဖြင့် ထင်ရှားဖော်ပြသည်။ သူတို့သည် ကောင်းကျိုးပြုကြပြီး တစ်သင်းတစ်ဖွဲ့ကို ဖြစ်စေ တစ်ဦးတစ်ယောက်ကို ဖြစ်စေ မျက်နှာလိုက်ခြင်း မရှိပါ။ အဆိုပါ အတွင်းသဘောထားနှင့် အကျင့်အကြံ ရှိသမျှတို့သည်လည်း ခရစ်တော်ထံ ရိုးသားစစ်မှန်သော ဆက်ကပ်အပ်နှံခြင်းမှ ပေါ်ထွက်ရသည်။

ဘုရားသခင့်ထံတော်မှ လာသော အထက်မှ သက်ရောက်သည့် ပညာသည် အထက်မှလာသည့်အတိုင်း ဘုရားသခင်သာ ပိုင်ဆိုင်သော ဂုဏ်အရည်အချင်းများကို ထင်ဟပ်နေသည်။ ၎င်းသည် စင်ကြယ်ကြောင်း၊ ဖြည်းညှင်းကြောင်း၊ ကောင်းကျိုးနှင့် ပြည့်စုံကြောင်း၊ ကရုဏာနှင့် ပြည့်ဝကြောင်း၊ ထို့ပြင် လှုပ်ရှားခြင်းမရှိ၊ ရိုးသားဖြူစင်ကြောင်း (ဝါ) လျှို့ဝှက်ခြင်းနှင့် ကင်းစင်ကြောင်း ယာကုပ်က ပြောဆိုထားသည်။ တနည်းအားဖြင့် အဆိုပါ ဂုဏ်အရည်အချင်းတို့သည် ယေရှုခရစ်ကို ဖော်ပြသည့် ဖော်ပြချက်များ ဖြစ်ကြသည်။ ယေရှုကိုယ်တိုင်သည် ထိုဂုဏ်အရည်အချင်းများပင် ဖြစ်တော့သည်။ ထို့ပြင် ယာကုပ်က ထိုအရာတို့သည် သင့်အား ဘဝတွင် ရှေ့တန်းရောက်စေမည့်၊ အောင်မြင်စေမည့်၊ အိမ်ကြီးအိမ်ကောင်း ရစေမည့် အရာမျိုးများ မဟုတ်ကြဘဲ ထိုအစား ဖြောင့်မတ်ခြင်း၊ အသင့်အတင့် နေထိုင်ခြင်း၊ တနည်းအားဖြင့် စစ်မှန်သော ငြိမ်သက်ခြင်းနှင့် အေးချမ်းခြင်းကို ရရှိစေမည်ဖြစ်ကြောင်း ပြောဆိုသည်။ လူတိုင်းလူတိုင်းက ငြိမ်သက်ခြင်း၊ ကျန်းမာခြင်း၊ ပြည့်ဝခြင်း၊ အေးချမ်းပျော်ရွှင်ခြင်းတို့ကို အမှန်တကယ် လိုလားတောင့်တကြသည်မှာလည်း စိတ်ဝင်စားဖွယ်ကောင်းသည်။ ထိုအရာတို့ကို သူတို့ လိုလားတောင့်တကြသည်။ ထိုအရာများကို သူတို့ထံ ဆောင်ယူလာပေးမည့် အရာမှာ မြေကြီးပညာပင် ဖြစ်သည်ဟုလည်း သူတို့ ယူဆကြသည်။ သို့သော် အမှန်တွင်မူ ထိုသို့သော ငြိမ်သက်ခြင်းနှင့် ယှဉ်သော ရလာဒ်သည် အထက်ပညာဆီကသာ လာနိုင်သည်။ ထိုပညာသည် တစ်ဦးတစ်ယောက် ရှေ့ရောက်ရေးကို ရှေ့ရှုခြင်းမရှိ။ သို့သော် ၃း၁၃ တွင် ယာကုပ်က ၎င်းပညာသည် နူးညံ့သိမ်မွေ့ခြင်း၊ နှိမ့်ချခြင်း၊ ပုဂ္ဂိုလ်ရေး ကျောစောကိတ္တိကို မရှာဖွေဘဲ အများသူငါ ကောင်းစားကျန်းမာရေးကိုသာ ရှာကြံခြင်း သရုပ်လက္ခဏာများကို ဆောင်ယူကြောင်း ပြောဆိုထားသည်။

**ဒေါက်တာ Dan McCartney**

၃း၁၈ တွင် ယာကုပ်က အများသိဟု သေချာပေါက်ဆိုနိုင်သည့် သုတ္တံစကား တစ်ခုအား သူ့ပရိသတ် ရည်ညွှန်းဖော်ပြပေးခဲ့သည်။

> အသင့်အတင့်နေခြင်းဌာ ပြုစုတတ်သောသူတို့သည် ဖြောင့်မတ်ခြင်းတရား၏ မျိုးစေ့ကို ငြိမ်သက်စွာ ကြဲတတ်ကြ၏ (ယာကုပ် ၃း၁၈)။

အသင့်အတင့် နေခြင်းကို ထိမ်းသိမ်းစောင့်ရှောက်သူတို့အား မဿဲ ၅း၉တွင် ယေရှု ကောင်းချီးပေးခဲ့သည်နှင့် များစွာ အလားတူ ယာကုပ်ကလည်း အသင်းတော်သား ဆင်းရဲသူ၊



ဗီဒီယိုများ၊ သင်ခန်းစာ လမ်းညွှန်များ နှင့် အခြား အရင်းအမြစ်များအတွက် thirdmill.org တွင် သာ့ဒ်မစ်လ်ကို ဝင်ကြည့်နိုင်ပါသည်။

ချမ်းသာသူတို့သည် အသင်းတော်အတွင်း အသင့်အတင့် နေထိုင်ခြင်းကို ပြုစုသူများ ဖြစ်ပါက သူတို့၏ ဖြောင့်မတ်ခြင်းအတွက် ကြီးမားသည့် ဆုလာဒ်များ ရကြလိမ့်မည် ဖြစ်ကြောင်း ရှင်းပြထားသည်။

ယခု လက်တွေ့ဉာဏ်ပညာကို ကျွန်ုပ်တို့ လေ့လာပြီး သူ့စာစောင်ထဲ ဤအကြောင်းအရာကို ထိုမျှလောက် အချိန်ယူပြောဆိုခဲ့ရလောက်အောင် ယာကုပ်ကို စေ့ဆော်ခဲ့သည့် လိုအပ်ချက်ကို တွေ့ခဲ့ကြပြီးဖြစ်၍ ဘုရားသခင်ပေးသော ဉာဏ်ပညာကို လက်တွေ့ကျကျ မည်သို့ အသုံးပြုသင့်သည်ဆိုသည်နှင့် စပ်လျဉ်းပြီး သူချပေးသော လမ်းညွှန်မှုဆီသို့ ကျွန်ုပ်တို့ လှည့်ကြပါမည်။

# လမ်းညွှန်မှု

ခရစ်တော် နောက်လိုက်များအဖို့ လက်တွေ့ကျသော ဓမ္မပညာ လိုအပ်ပုံအကြောင်း ပြောစရာ သာဓက အများရှိသည်မှာ သဘာဝကျသည်။ လက်တွေ့ကျသော ဒေသနာများကို ကျွန်ုပ်တို့ နှစ်သက်ကြသည်။ မည်သို့ အသက်ရှင်ရမည့်အကြောင်း ပြောသည့် သင်ခန်းစာများကို ကျွန်ုပ်တို့ ရလိုသည်။ ကမ္ဘာတလွှား နေရာအများတွင် ကျွန်ုပ်တို့ ဘဝ မျက်နှာစာ တစ်ခုချင်းစီနီးပါး အတွက် လမ်းညွှန်မှု ပေးနိုင်သည့် အရင်းအမြစ်များ ကျွန်ုပ်တို့အတွက် ရှိနေကြသည်။ သို့သော် ကျွန်ုပ်တို့ နေ့စဉ်ဘဝအတွက် လက်တွေ့ကျသော ဉာဏ်ပညာကို ကျွန်ုပ်တို့ လိုက်စားရှာဖွေရာတွင် အမြဲလို မေ့လျော့နေတတ်ကြသည့် စံနှုန်းတန်ဖိုးများနှင့် ဦးစားပေးသင့်သည့် အရာတို့အကြောင်း ယာကုပ်စာစောင်က ကျွန်ုပ်တို့အား သတိပေးထားသည်။

ယာကုပ် ဩဝါဒစာစောင်၌ လက်တွေ့အသက်ရှင်ရန် လမ်းညွှန်မှုအကြောင်း ပြောပြသည့် တိကျသော ဖော်ပြချက်များစွာ ပါရှိသည်။ သို့သော် စဉ်းစားစရာ နှစ်ချက်မျှလောက်အတွက်သာ ကျွန်ုပ်တို့ ကန့်သတ်ကြည့်ရှုကြပါမည်။ ပထမဦးစွာ ဘုရားသခင့် ပညတ်တော် စံနှုန်းကို ယာကုပ် မည်သို့ ကိုင်စွဲ ထိန်းသိမ်းခဲ့ကြောင်း ကျွန်ုပ်တို့ မှတ်သားကြပါမည်။ ထို့နောက် ဒုတိယအားဖြင့် ဘုရားသခင့် ပညတ်တော်က ဦးစားပေးသည့် အချို့သော သီးသန့် အချက်များအား ယာကုပ် မြှင့်တင်အားပေးခဲ့ကြောင်းကို ကျွန်ုပ်တို့ လေ့လာကြပါမည်။ ရှေးဦးစွာ ဘုရားသခင့် ပညတ်တော် စံနှုန်းကို ကြည့်ကြပါစို့။

## ဘုရားသခင့် ပညတ်တော် စံနှုန်း

ခေတ်သစ် ခရစ်ယာန် အများစုက ဓမ္မသစ်ကျမ်းသည် ဓမ္မဟောင်းပညတ်များအကြောင်းကို မြှင့်တင်ဖော်ထုတ်ပေးသည် ဆိုသည့် သတိပေးချက်များအား သတိပြုမိကြသည်။ ဥပမာတစ်ခု ဆိုရလျှင် ကယ်တင်ခြင်းသည် ယုံကြည်သောအားဖြင့် ကျေးဇူးတော်ကြောင့် ဖြစ်ကြောင်း၊ အကျင့်အားဖြင့် မဟုတ်ကြောင်း ကျွန်ုပ်တို့ သိကြသည်။ ပညတ်တရားကို နာခံခြင်းဖြင့် ကယ်တင်ခြင်းကို ကြိုးစားရယူသည့် အားထုတ်မှု မှန်သမျှကို ဆန့်ကျင် ရပ်တည်ခြင်းဖြင့် ဂလာတိဩဝါဒစာ ကဲ့သို့သော စာစောင်များထဲ ပေါလု၏ အလေးပေးဖော်ပြချက်ကိုလည်း ကျွန်ုပ်တို့ အမှန်အကန် လိုက်နာကြသည်။



ဗီဒီယိုများ၊ သင်ခန်းစာ လမ်းညွှန်များ နှင့် အခြား အရင်းအမြစ်များအတွက် thirdmill.org တွင် သာ့ဒ်မစ်လ်ကို ဝင်ကြည့်နိုင်ပါသည်။

ထပ်၍ ဆိုရလျှင် ဓမ္မဟောင်းကာလတွင် ကျွန်ုပ်တို့ အသက်ရှင်နေဆဲ ပုံစံမျိုးဖြင့် ဘုရားသခင့် ပညတ်တော်ကို ကျွန်ုပ်တို့ အသုံးပြု၍ မရသည်ကိုလည်း ကျွန်ုပ်တို့ သိကြသည်။ ဟေဗြဲဩဝါဒစာလို စာစောင်များထဲ အလေးပေးဖော်ပြချက်များကိုလည်း ကျွန်ုပ်တို့ လိုက်နာကြပြီး ဓမ္မသစ်ကာလအတွင်း ပညတ်တရားကို မည်သို့ အသုံးပြုရမည်ဆိုသည်နှင့် စပ်လျဉ်း၍ ခရစ်တော်၊ တမန်တော်များ၊ ပရောဖက်များက သွန်သင်ခဲ့သည့် နည်းများအတိုင်း ဘုရားသခင့် ပညတ်တော်ကို ကျွန်ုပ်တို့ အသုံးပြုကြသည်။

ယခုတွင် အဆိုပါ သတိပေးချက်များ အရေးပါသလောက် ယာကုပ်ဩဝါဒစာထဲတွင် ထိုအချက်များကို ကျွန်ုပ်တို့ မတွေ့ကြရပါ။ ထိုအစား ယာကုပ်သည် ဘုရားသခင့် ပညတ်တော်ကို အလွန်ပင် အပြုသဘောဆောင်သော ဝေါဟာရများဖြင့် ရည်ညွှန်းကိုးကားခဲ့သည်။ “ပညတ်တော်ကို အသုံးချပုံ တတိယမြောက်နည်းဟန်” ဟု အစဉ်အလာအားဖြင့် ခေါ်ကြသည့် အပေါ် သူ အလေးပေးခဲ့သည်။ ခရစ်တော်၌ ဘုရားသခင် ပြသတော်မူသော ကရုဏာတော်များအတွက် ကျွန်ုပ်တို့ ကျေးဇူးတင်မှုကို ဖော်ပြသည့်အနေဖြင့် ပညတ်တော်ကို ကျွန်ုပ်တို့ လိုက်လျှောက်ကြသည်။

**လွတ်ခြင်းအခွင့်ကို ပေးသော ပညတ်တရား** သူ့စာစောင်မှာသာ တွေ့ရသည့် ဘုရားသခင့် ပညတ်တော်အပေါ် ဖော်ပြချက် နှစ်ခုကို ယာကုပ်က ပေးခဲ့သည်။ ပထမအနေဖြင့် ၎င်းအား လွှတ်ခြင်းအခွင့်ကိုပေးသော ပညတ်တရား ဟု သူခေါ်ဆိုခဲ့သည်။

၁း၂၅ နှင့် ၂း၁၂ တို့တွင် လွှတ်ခြင်းအခွင့်ကို ပေးသော ပညတ်တရား အကြောင်း ယာကုပ်ပြောထားသည်။ အပြစ် ချည်နှောင်မှုနှင့် ၎င်း၏ ဖျက်ဆီးတတ်သော အကျိုးသက်ရောက်မှုတို့မှ ပညတ်တရားက ကျွန်ုပ်တို့အား လွတ်မြောက်စေကြောင်း ထိုနေရာတွင် သူပြောခဲ့သည်။ ဘုရားသခင်ကို ကျေးဇူးတင်စိတ်ဖြင့် ပညတ်တရားကို ကျွန်ုပ်တို့ လိုက်လျှောက်သောအခါ ၎င်းသည် ကျွန်ုပ်တို့အား အမှန်တကယ်ပင် လွတ်မြောက်ခြင်းကို ပေးသည်။ ယောဟန် ၈း၃၂ တွင် အလားတူ အမြင်မျိုးကိုလည်း ယေရှုက ရည်ညွှန်းခဲ့ရာ၌

> သမ္မာတရားကိုလည်း သိကြသဖြင့် ထိုတရားသည် သင်တို့ကို လွှတ်လိမ့်မည် (ယော ၈း၃၂) ဟု ဆိုခဲ့သည်။

ရောမ ၇း၇-၁၃ တွင် ကျွန်ုပ်တို့ကို အပြစ် ကျေးကျွန်ဖြစ်စေရာ၌ ကျွန်ုပ်တို့အတွင်း ဆိုးညစ်သော အလိုဆန္ဒများကို အသက်ရှင်အောင် ပြုပေးသည့် အရာသည် ပညတ်တရားဖြစ်ကြောင်း ပေါလု ဖော်ပြခဲ့သည်။ သို့သော် ပညတ်တရားကို “လွှတ်ခြင်းအခွင့်ကို ပေးသော ပညတ်တရား” ဟု ယာကုပ်က ခေါ်ဆိုသည့်အခါ၌မူ လက်တွေ့ဉာဏ်ပညာအတွက် ကျွန်ုပ်တို့၏ အခွင့်အာဏာရှိသော လမ်းညွှန်မှုအနေဖြင့် ပညတ်တော်ကို ဘုရားသခင့် ဝိညာဉ်တော်က အပြုသဘော မည်သို့ အသုံးပြုသည့်အကြောင်း ဖော်ပြခြင်း ဖြစ်သည်။

ကျွန်ုပ်တို့ တွေ့ခဲ့ကြပြီးဖြစ်သလို ယာကုပ်၏ စာဖတ် ပရိသတ်အများစုသည် အသင်းတော်ကို ထိခိုက်ဖျက်ဆီးနေကြပြီး သူတို့ကိုယ်တိုင်သည်လည်း စိတ်အားလျော့စေသော အပြစ်



ဗီဒီယိုများ၊ သင်ခန်းစာ လမ်းညွှန်များ နှင့် အခြား အရင်းအမြစ်များအတွက် thirdmill.org တွင် သာ့ဒ်မစ်လ်ကို ဝင်ကြည့်နိုင်ပါသည်။

ကွန်ယက်များအတွင်း ပိတ်မိနေခဲ့ကြသည်။ ထိုပြင် ဉာဏ်ပညာနှင့် စပ်လျဉ်းပြီး သူတို့ အယူအဆနှင့် သူတို့ ဆက်လက်လိုက်စားနေသရွေ့ စိတ်ပျက်အားလျော့နေရခြင်း၊ အပြစ်ကြောင့် သူတို့ဘဝများထဲ ဒုက္ခ ပြဿနာ အထိအခိုက် ဖြစ်ရခြင်းတို့မှ သူတို့ ကိုယ်သူတို့ မလွတ်မြောက်နိုင် ဖြစ်ခဲ့ကြသည်။ သို့သော် အပြစ်အဖိုးအခနှင့် အပြစ်အုပ်စိုးမှုတို့မှ ဘုရားသခင့် နှုတ်ကပတ်တော်က သူတို့အား လွတ်ခြင်းအခွင့် ဦးစွာပေးသည့်နည်းတူ ဘုရားနှုတ်ကပတ်တော်သည် အပြစ်ကြောင့် ဖြစ်ရသည့် ရုန်းရင်းခတ်မှုများနှင့် စိတ်ပျက်အားလျော့ရမှုတို့မှ သူတို့အား လွတ်မြောက်စေမည့် နေ့စဉ်ဘဝ လက်တွေ့ဉာဏ်ပညာ လမ်းစဉ်ကိုလည်း ချမှတ်ပေးခဲ့သည်။

> ပညတ်တော်သည် ယုံကြည်သူ ဘဝအား ကေန်အမှန် လမ်းညွှန်၊ ဆုံးမပဲ့ပြင်၊ အမှားပြင်ဆင်ပေး၍ ဘုရားသခင့် အလိုတော်နှင့် အညီပြန်ဖြစ်အောင် ကြိုးစားပေးသည် မဟုတ်ပါလော။ ထိုသို့ဆိုစေကာမူ အဆုံးသတ်အားဖြင့် ယာကုပ်က လွတ်ခြင်းအခွင့်ကို ပေးသောတရားဟု ခေါ်ဆိုရခြင်း အကြောင်းသည် လွတ်ခြင်းကိုပေးသော ပညတ်တရားအားဖြင့် ကျွန်ုပ်တို့ တရားစီရင်ခံရရန် ရှိသောကြောင့် ဖြစ်သည်ဟု ကျွန်ုပ်ထင်ပါသည်။ ထိုအရာသည် ခရစ်တော်အားဖြင့် ကျွန်ုပ်တို့ ရရှိသော လွတ်ခြင်းအခွင့် ဖြစ်သည်ဟု ကျွန်ုပ် ဖွင့်ဆိုပါသည်။ ထို့ကြောင့် ထိုအတိုင်း ကျွန်ုပ်တို့ အသက်ရှင်ပြီး အချင်းချင်းကိုလည်း ထိုအတိုင်း ဆက်ဆံပြုမူရမည် ဖြစ်ပါသည်။ မည်သူ့ကိုမျှ မျက်နှာမလိုက်ဘဲ ကိုယ်တော့် ကျေးဇူးတော်ကို ရက်ရောစွာ ပေးတော်မူရာ ပညတ်တရားအားဖြင့် ကျွန်ုပ်တို့ စစ်ကြောခံရန် ရှိသောကြောင့် ကျွန်ုပ်တို့ အချင်းချင်းသည်လည်း ဆင်းရဲနှင့် ချမ်းသာ၊ သက်ကြီးနှင့် သက်ငယ်၊ ကျွန်နှင့် လူလွတ်၊ ကျားနှင့်မ ခွဲခြားမျက်နှာလိုက်ခြင်း မရှိဘဲ ရက်ရောစွာ ကျေးဇူးပြုကြရန် ဖြစ်သည်။
>
> **ဒေါက်တာ Jeffrey A. Gibbs**

ထိုအကြောင်းကြောင့် ယာကုပ်က ၁း၂၂-၂၅ တွင်

> "ကိုယ်ကိုကိုယ်လှည့်ဖြား၍၊ နှုတ်ကပတ်တရားကို နာရုံမျှသာပြုသောသူမဟုတ်၊ တရားကို ကျင့်သောသူ ဖြစ်ကြလော့။ .... လွတ်ခြင်းနှင့် စပ်ဆိုင်၍ စုံလင်သော တရား၌ စေ့စေ့ကြည့်ရှု၍ တည်ကြည်သောသူမူကား တရားကို နာ၍ မေ့လျော့သောသူမဟုတ်၊ အကျင့်ကျင့်သောသူ ဖြစ်သဖြင့် မိမိကျင့်သော အကျင့်၌ မင်္ဂလာ ရှိသောသူ ဖြစ်၏၊ (ယာကုပ် ၁း၂၂-၂၅)။

**ရွှေပညတ်တော်** လွတ်ခြင်းအခွင့်ကို ပေးသော ပညတ်တော်အဖြစ် ဘုရားသခင့် တရားတော်ကို ပြောဆိုရုံမျှမက ၎င်းအား အပြုသဘောဖြင့် ရွှေပညတ်တော်ဟု ယာကုပ် ကိုးကားခဲ့ပြန်သည်။



ဗီဒီယိုများ၊ သင်ခန်းစာ လမ်းညွှန်များ နှင့် အခြား အရင်းအမြစ်များအတွက် thirdmill.org တွင် သွာဒ်မစ်လ်ကို ဝင်ကြည့်နိုင်ပါသည်။

ယာကုပ်သည် တရားတော်အား ၂း၈ တွင် "ရွှေပညတ်တော်" ဟု ခေါ်ဆိုခဲ့သည်။ ဤဝေါဟာရသည် ဓမ္မဟောင်းနှင့် ဓမ္မသစ် တလျှောက်လုံးတွင် တွေ့မြင်ရသည့် ဘုရားသခင့် ပညတ်တော်များအပေါ် ရှုမြင်ချက်တစ်ခုဆီသို့ အာရုံစိုက်စေသည်။ ဘုရားသခင့် ပညတ်တော်သည် ကိုယ်တော့် တော်ဝင် ရွှေပညတ်တော်ပင် ဖြစ်သည်။ ၎င်းသည် အမြင့်ဆုံးသော အုပ်စိုးသူထံမှ သူ့နိုင်ငံတော်သားများအဖြစ် သူ့လူများထံသို့ ပေးသည့် အနေနှင့် ရောက်လာခဲ့သည်။

ယခု ခေတ်သစ်ကမ္ဘာတွင် ဤတော်ဝင် ပုံရိပ်၏ ထူးခြားလေးနက်မှုနှင့် ပတ်သက်၍ မကြာခဏ ကျွန်ုပ်တို့ နားလည်ရန် ခက်ခဲတတ်ကြသည်။ ဘုန်းတန်ခိုးကြီးသော ဘုရင်များ၏ အုပ်ချုပ်ခံ တိုင်းနိုင်ငံများထဲ ကျွန်ုပ်တို့ နေထိုင်ခဲလှပါသည်။ သို့သော် ယာကုပ် ပရိသတ်တို့ကမူ ရောမ ဧကရာဇ် အုပ်ချုပ်မှုအာဏာအောက်တွင် နေထိုင်ခဲ့ကြရသည်။ "ရွှေပညတ်တော်" ဟု ဘုရားသခင့် ပညတ်တော်ကို ခေါ်ဆိုရသည့် အဓိပ္ပာယ်ကို သူတို့သိကြသည်။ အလွယ်ပြောလျှင် ဘုရားသခင့် ပညတ်သည် ပေါ့ပေါ့တန်တန် သဘောထား၍ ရကောင်းသောအရာ မဟုတ်ကြောင်း သူတို့သိကြသည်။ ကျွန်ုပ်တို့ ဆန္ဒရှိလျှင် လုပ်လိုက်၊ မရှိလျှင် ချန်ထားလိုက် လုပ်ကောင်းသော အရာ မဟုတ်ပါ။ ၎င်းသည် စကြဝဠာကို ပိုင်သအုပ်စိုးသော ဘုရားသခင်ထံတော်မှ လာသည်။ ထိုသို့သောအားဖြင့် ပညတ်တော် ရှိသမျှသည် ကျွန်ုပ်တို့အပေါ်တွင် အကြွင်းမဲ့ အခွင့်အာဏာ ရှိနေသည်။

၂း၈-၁၀ ၏ အစိတ်အပိုင်း တစ်ခုအတွင်း ဘုရားသခင့် ရွှေပညတ်တော်၏ အခွင့်အာဏာအပေါ် ယာကုပ် အကျယ်ချဲ့သွားပုံကို နားထောင်ကြည့်ပါ။

> ကျမ်းစာ၌ပါသော ရွှေပညတ်တော်ကို သင်တို့သည် စောင့်ရှောက်လျှင် ကောင်းသောအကျင့်ကို ကျင့်ရာသို့ ရောက်ကြ၏။ … အဘယ်သို့နည်းဟူမူကား ပညတ်တရားအလုံးစုံတို့ကို စောင့်ရှောက်သည်တွင် တစ်စုံတစ်ခု၌ မှားမိလျှင် ပညတ်တရား အလုံးစုံကို လွန်ကျူးသော အပြစ်ရှိ၏ (ယာကုပ် ၂း၈-၁၀)။

ယာကုပ်၏ ဂျူးခရစ်ယာန် ပရိသတ် အားလုံး မဟုတ်လျှင်တောင်မှ များစွာတို့သည် ဘုရားသခင့် ပညတ်တော် အရေးကြီးကြောင်း နားလည်ကြသည်။ သို့သော် ဤနေရာတွင် ကျွန်ုပ်တို့ တွေ့ကြရသည့်အတိုင်း သူတို့သည် ပညတ်တရားတော်အား ကြိုက်နှစ်သက်ရာကို ရွေးချယ်၍သာ ဝန်ခံထားကြသည်။ အချို့အပိုင်းတို့ကို စောင့်ထိန်း၍ အချို့အပိုင်းတို့ကိုမူ ဥပေက္ခာပြု လစ်လျူရှုထားကြသည်။ သို့ဖြစ်၍ ယာကုပ်သည် သူတို့အား ပညတ်တော်သည် "ကျမ်းစာ၌ပါသော ရွှေပညတ်တော်" ဖြစ်ကြောင်း သူတို့ကို သတိပေးခဲ့ခြင်း ဖြစ်သည်။ ၎င်းသည် သူတို့၏ ရှင်ဘုရင်ဖြစ်သော ဘုရားသခင့်ထံတော်မှ ရောက်လာခဲ့ခြင်း ဖြစ်သည်။ ထိုအကြောင်းကြောင့်ပင် "ပညတ်တရားအလုံးစုံတို့ကို စောင့်ရှောက်သည်တွင် တစ်စုံတစ်ခု၌ မှားမိလျှင် ပညတ်တရား အလုံးစုံကို လွန်ကျူးသော အပြစ်ရှိ၏" ဆိုခြင်း ဖြစ်သည်။

မိမိတို့ တိုင်းသူပြည်သားများ အနေဖြင့် နိုင်ငံ့ ပညတ်ဥပဒေများထဲက သက်သောင့်သက်သာဖြစ်ပြီး နှစ်သက်ဖွယ်ကောင်းသည်ဟု ရှုမြင်သည့် အချက်များကိုသာ ရွေးချယ်စောင့်ထိန်းခြင်းကို ရှေးခေတ် လူသား ဘုရင်တို့အဖို့ လက်ခံနိုင်ဖွယ် မရှိပါ။ ထိုနည်းတူစွာပင်

ခရစ်တော်၏ နောက်လိုက်များအဖို့လည်း ဘုရားသခင့် နိုင်ငံတော် ပညတ်တရားများအနက် ၎င်းတို့အတွက် သက်သောင့်သက်သာ ရှိပြီး နှစ်သက်ဖွယ်ဖြစ်သည်တို့ကိုသာ စောင့်ထိန်းခြင်းသည် လက်ခံနိုင်ဖွယ် မရှိပါ။ ထိုသို့သော ရွေးချယ်စောင့်ထိန်းမှုမျိုးအား သူတို့၏ တော်ဝင် အခွင့်အာဏာကို ဆန့်ကျင်ပုန်ကန်မှု အဖြစ် ရှေးခေတ် လူသား ရှင်ဘုရင်တို့က ပြုမူဆက်ဆံတတ်ကြသည်။ ထို့ကြောင့် ဘုရားသခင်ကလည်း ထိုသို့သော ရွေးချယ်စောင့်ထိန်းမှုမျိုးအား ကိုယ်တော်၏ အခွင့်အာဏာကို ဆန့်ကျင်ပုန်ကန်မှုအဖြစ် ယူဆသည်။ ဘုရားသခင့် ပညတ်တော်သည် လက်တွေ့ဉာဏ်ပညာ၏ စံနှုန်းဖြစ်ပြီး ရွှေပညတ်စည်းမျဉ်း ရှိသမျှကို နာခံရန် ရိုးရိုးသားသား ရှာကြံသူ ရှိသမျှထံ လွတ်ခြင်းအခွင့်အား ယူဆောင်လာပေးမည် ဖြစ်သည်။

ယခုတွင် လက်တွေ့ဉာဏ်ပညာအတွက် လမ်းညွှန်မှုသည် ဘုရားသခင့် ပညတ်တော် စံနှုန်းထဲတွင် ပါရှိကြောင်း ယာကုပ်က မည်သို့ အခိုင်အမာပြောဆိုခဲ့သည်ကို ကျွန်ုပ်တို့ တွေ့ခဲ့ကြပြီးဖြစ်၍ ဘုရားသခင့် ပညတ်တော်၏ ဦးစားပေးသတ်မှတ်ချက် အချို့အား သူ အလေးပေးဖော်ပြခဲ့ပုံများဆီ ကျွန်ုပ်တို့ လှည့်ကြပါမည်။

## ဘုရားသခင့် ပညတ်တော်၏ ဦးစားပေးအရာများ

ဘုရားသခင်က ကျွန်ုပ်တို့အား ပေးသော ပညတ်တော် ရှိသမျှတို့ကို စောင့်ရှောက်ခြင်းအကြောင်း ခရစ်ယာန်တို့ ပြောဆိုဆွေးနွေးကြတိုင်း အလွန်ပင် လက်တွေ့ကျသော ပြဿနာတစ်ခုနှင့် ကျွန်ုပ်တို့ ပက်ပင်းတိုးလေ့ရှိသည်ကို လက်ခံရပါလိမ့်မည်။ မမေ့မလျော့ရှိနေရမည့် ပညတ်တို့သည် အလွန်ပင် များပြားလှလင့်ကစား ရှိသမျှကို နာခံနေသည်တော့ မဟုတ်ပါ။ သို့ဖြစ်၍ ကျွန်ုပ်တို့၏ အကန့်အသတ်ရှိမှုများအရ ဤပညတ်ကိုသာ သို့တည်းမဟုတ် ထိုပညတ်ကိုသာ ကျွန်ုပ်တို့ စူးစိုက်ရန် အကြောင်းဖန်လာတော့သည်။ ဟုတ်ပါသည်။ ထိုသို့သောအားဖြင့် ကျွန်ုပ်တို့ နာခံလိုသည့် သမ္မာကျမ်းစာ အပိုင်းကဏ္ဍများအပေါ်မှာသာ စူးစိုက်ခြင်းဖြင့် ဘုရားသခင့် အခွင့်အာဏာတော်ကို မထေမဲ့မြင်ပြုသည့် ထောင်ချောက်အတွင်း သက်ဆင်းမိရန် လွယ်ကူလာတော့သည်။ ဤပြဿနာကို ရှောင်ရှားရန် ပညတ်တရားတော်ကိုယ်တိုင်က ကျွန်ုပ်တို့အတွက် သတ်မှတ်ပေးသည့် ဦးစားပေးအရာများကို ကျွန်ုပ်တို့ မှတ်မိရန် လိုအပ်ပါသည်။ ဘုရားသခင့် ပညတ်တရားတော်၏ ပိုမိုအရေးကြီးသော နယ်ပယ်များကို ကျွန်ုပ်တို့ အမြဲတစေ ဦးစားပေးကြရပါမည်။

မဿဲ ၂၂း၃၄-၄၀ တွင် ဘုရားသခင့် ပညတ်တော်၏ ဦးစားပေးအရာများအကြောင်း ယေရှု ကိုင်တွယ်ထားသည်ကို သင်ပြန်အမှတ်ရပါလိမ့်မည်။ အဆိုပါ ကျမ်းပိုဒ်များထဲတွင် အကြီးမြတ်ဆုံး ပညတ်နှစ်ခုကို သူ ဖော်ထုတ်ပေးထားခဲ့သည်။ သံသယ မရှိနိုင်သော ဝေါဟာရများအားဖြင့် တရားဟောရာ ၆း၅ မှ ဘုရားသခင်ကို ချစ်ရန် ပညတ်တော်သည် စိတ်ထဲ စွဲနေဖို့ အရေးအကြီးဆုံး ပညတ်စည်းမျဉ်း ဖြစ်ကြောင်း သူကြေညာခဲ့သည်။ ထို့နောက် ဝတ်ပြုရာ ၁၉း၁၈ မှ ကိုယ်နှင့် စပ်ဆိုင်သောသူကို ချစ်ရန် ပညတ်အား ဒုတိယ အရေးအကြီးဆုံး စည်းမျဉ်း အဖြစ် သူဖော်ထုတ်ပေးခဲ့သည်။

တမန်တော်ကြီး ရှင်ပေါလုကလည်း ဘုရားသခင်ကို ချစ်လော့ ဆိုသည့် ပညတ်သည် အကြီးမြတ်ဆုံး ပညတ် ဖြစ်ကြောင်း ရှင်းလင်းစွာ သဘောပေါက်ထားခဲ့သည်။ သို့သော် ဂလာတိ ၅း၁၄ တွင် ကိုယ်နှင့် စပ်ဆိုင်သောသူအား ကိုယ်နှင့်အမျှ ချစ်လော့ ဟူသော ပညတ်သည် ပညတ်အလုံးစုံတို့၏ ပြည့်စုံရာ ဖြစ်ကြောင်း ကိုလည်း သူပြောထားသည်။ စိတ်ဝင်စားဖွယ်ကောင်းစွာ ယာကုပ်သည်လည်း အလားတူ ပြုခဲ့သည်။ ၂း၈-၁၀ ၏ ကျန်အပိုင်းများထဲ ဒုတိယ အကြီးမြတ်ဆုံး ပညတ်အပေါ် ယာကုပ်၏ သီးသန့် အလေးပေးမှုကို နားထောင်ကြည့်ပါ။

> "ကိုယ်နှင့် စပ်ဆိုင်သောသူကို ကိုယ်နှင့်အမျှ ချစ်လော့" ဟု ကျမ်းစာ၌ ပါသော ရွှေပညတ်တော်ကို သင်တို့သည် စောင့်ရှောက်လျှင် ကောင်းသောအကျင့်ကို ကျင့်ရာသို့ ရောက်ကြ၏။ သို့မဟုတ် လူမျက်နှာကို ထောက်လျှင် ဒုစရိုက်ကို ပြုသောသူ ဖြစ်ကြ၏။ တရားကို လွန်ကျူးသောသူဟု ပညတ်တော်အားဖြင့် ထင်ရှားစွာ ဖြစ်ကြ၏။ အဘယ်သို့နည်းဟူမူကား ပညတ်တရား အလုံးစုံကို စောင့်ရှောက်သည်တွင် တစ်စုံတစ်ခု၌ မှားမိလျှင် ပညတ်တရား အလုံးစုံကို လွန်ကျူးသော အပြစ်ရှိ၏ (ယာကုပ် ၂း၈-၁၀)။

ဤနေရာတွင် တရားဟောရာ ၁၉း၁၈ ပါ စကားလုံးများကို သုံး၍ ရွှေပညတ်တော်၏ ဦးစားပေးအရာတို့ကို ယာကုပ်က "ကိုယ်နှင့် စပ်ဆိုင်သောသူကို ကိုယ်နှင့်အမျှ ချစ်လော့" ဟူ၍ အကျဉ်းချုပ်ဖော်ပြထားကြောင်း မှတ်သားထားရပါမည်။

ယာကုပ် ထိုသို့ ပြုခဲ့ခြင်းအကြောင်းသည် လျှို့ဝှက်ချက်တစ်ခုတော့ မဟုတ်ပါ။ အသင်းတော်အတွင်း ဆင်းရဲသားနှင့် လူချမ်းသာ ယုံကြည်သူ တို့ကြား ရုန်းရင်းခတ်မှုသည် ဒုတိယ အကြီးမြတ်ဆုံး ပညတ်တော်ကို သူတို့မျက်နှာလွှဲထားခဲ့ရာမှ ဖြစ်လာသော ရလာဒ် ဖြစ်သည်။

ဤနေရာတွင် ယာကုပ် မှတ်သားမိသလိုပင် လူချမ်းသာများအပေါ် "လူ့မျက်နှာထောက်" သောသူတို့သည် "တရားကို လွန်ကျူးသောသူဟု ပညတ်တော်အားဖြင့် ထင်ရှားစွာ ဖြစ်ကြသည်"။ ဤအရာသည် သေးဖွဲသော အရာ မဟုတ်ပါ။ အခြားသော ပညတ်များကို စောင့်ထိန်းနေသော်လည်း ပညတ်တစ်ခုကို လစ်လျူရှုသူတိုင်းသည် "ပညတ်အလုံးစုံကို လွန်ကျူးသော အပြစ်ရှိသည်"။ ထို့ကြောင့် လက်တွေ့ဉာဏ်ပညာအတွက် အခွင့်အာဏာရှိသော လမ်းညွှန်ချက် ဖြစ်သည့် ဘုရားသခင့် ပညတ်တော်သည် ဘုရားသခင်ကို ကျွန်ုပ်တို့ စိတ်နှလုံး အကြွင်းမဲ့ ချစ်လော့ ဆိုသည့်ပညတ်ပြီးလျှင် တစ်ဦးနှင့် တစ်ဦး အပေါ်ထားရှိသော ချစ်ခြင်းမေတ္တာကို ဒုတိယ ပညတ်အဖြစ် အမြင့်ဆုံး ဦးစားပေးထားသည်။ ၁း၂၇ တွင် လူချမ်းသာတို့အား ယာကုပ်က

> ခမည်းတော် ဘုရားသခင့်ရှေ့၌ စင်ကြယ်သန့်ရှင်းသော သီလဟူမူကား မိဘမရှိသော သူငယ်တို့နှင့် မုဆိုးမတို့သည် ဆင်းရဲခံရသောအခါ သူတို့ကို ကြည့်ရှုပြုစုခြင်း၊ ကိုယ်တိုင်လည်း လောကီ အညစ်အကြေးနှင့် ကင်းစင်အံ့သောငှာ စောင့်ရှောက်ခြင်းပေတည်း (ယာကုပ် ၁း၂၇)။



ဗီဒီယိုများ၊ သင်ခန်းစာ လမ်းညွှန်များ နှင့် အခြား အရင်းအမြစ်များအတွက် thirdmill.org တွင် သာ့ဒ်မစ်လ်ကို ဝင်ကြည့်နိုင်ပါသည်။

> သို့ဖြစ်ပါက စင်ကြယ်သန့်ရှင်းသော သီလ ဖြစ်မဖြစ် မည်သို့ စစ်ကြောကြမည်နည်း။ ဟုတ်ပါပြီ။ လူ့အဖွဲ့အစည်းအတွင်း သူတော်ကောင်းဟု အမြင်ခံရခြင်းသည် ကျင့်ဝတ်စံနှုန်း ညီညွတ်သည့် ကောင်းသော အကျင့်တို့ကို သင်ပြုခြင်းကြောင့် မဟုတ်။ စစ်မှန်သော စစ်ကြောစုံစမ်းမှုမှာ ဘုရားသခင့်နည်းလမ်းများအတိုင်း လိုက်ခြင်း မလိုက်ခြင်းနှင့် ပတ်သက်သည်။ မည်သူမျှ ဂရုမစိုက်ချိန်၊ သူတို့ထံမှ သင်ဘာမျှ ပြန်မရချိန် ဘုရားသခင်သည် မိဘမဲ့များကို ဂရုစိုက်သည်။ မုဆိုးမများကို ကြည့်ရှုပြုစုသည်။ မိဘမဲ့သည် မည်သူနည်း။ မုဆိုးမသည် မည်သူနည်း။ ထိုသူသည် သင့်အား ဘာမျှ ပြန်မပေးနိုင်သောသူပင် ဖြစ်သည်။ ထို့ကြောင့် သင်နှင့်စပ်ဆိုင်သောသူထံ သို့မဟုတ် သင့်အလုပ်ရှင်ထံ ကြင်နာမှု ပြသခြင်းကို စင်ကြယ်သော သီလ၏ လက္ခဏာသက်သေ အဖြစ် မမှတ်ယူနိုင်ပေ။ သို့သော် ဆင်းရဲသားတို့ကို ဘုရားသခင် ချစ်မြတ်နိုးကြောင်း၊ အား အနည်းတကာ့ အနည်းဆုံးသူကို ဘုရားသခင် ဂရုစိုက်ကြောင်း၊ ထိုသူတို့ထံမှ ရုပ်ဝတ္ထုငွေကြေးအားဖြင့် ကိုယ်တော်အတွက် ဘာမျှ ပြန်မရရှိကြောင်း သင်သိပါသည်။ ကျွန်ုပ်တို့၏ ချီးမွမ်းခြင်းကိုတော့ ကိုယ်တော် လက်ခံရရှိပါလိမ့်မည်။ ကျွန်ုပ်တို့ ပြုသော ကောင်းမှုများ၌ ကိုယ်တော် စိတ်ကြည်နူးပါလိမ့်မည်။ သို့သော် ပြန်မတုန့်ပြန်နိုင်သူများကို ဂရုစိုက်ခြင်းသည် ကြီးမားသော စစ်ကြောစုံစမ်းခြင်းပင် ဖြစ်တော့သည်။

**ဒေါက်တာ Dan Doriani**

လူချမ်းသာတို့သည် သူတို့၏ ဆင်းရဲသား အိမ်နီးချင်းတို့ကို ချစ်ခင်ခြင်းဖြင့် ဘုရားသခင့် ပညတ်တော် ဦးစားပေးချက်များကို လိုက်နာရန် လိုအပ်ချက်အပေါ် ယာကုပ် အလေးပေးခဲ့သည်။ သို့သော် မိမိနှင့် စပ်ဆိုင်သော အိမ်နီးချင်းကို ချစ်တတ်ခြင်းသည် လက်တွေ့ဉာဏ်ပညာအတွက် အလွန်အရေးပါရကား ထိုချစ်ခြင်းသည် ဆင်းရဲသားများအတွက်လည်း မည်သို့ ပတ်သက် အကျိုးဝင်ကြောင်း ယာကုပ် အလေးပေးခဲ့သည်။ သာဓက အနည်းငယ်ဆောင်ရလျှင် ကျွန်ုပ်တို့နှင့် စပ်ဆိုင်သူများကို ချစ်ခြင်းသည် ကျွန်ုပ်တို့၏ နှုတ်လျှာများကို သူတပါးအား ကောင်းချီးပေးရာ တန်ဆာပလာအဖြစ် အသုံးပြုခြင်းကို ဆိုလိုကြောင်း သူ့စာစောင် တစ်လျှောက်လုံး၌ ရှင်းပြထားသည်။

၁း၁၉ တွင် ယာကုပ်က လူတို့အား အချင်းချင်း “နားကြားခြင်းငှာ လျင်မြန်ကြစေ။ စကားပြောခြင်းငှာရင်း၊ အမျက်ထွက်ခြင်းငှာရင်း နှေးကြစေ" ဟု ဆိုထားသည်။ ၄း၁-၃ တွင် ဘုရားသခင့် လူတို့အကြားတွင် စစ်တိုက်ခြင်း၊ ရန်တွေ့ခြင်း၊ ကဲ့ရဲ့ခြင်းတို့ မရှိသင့်ကြောင်း ယာကုပ် အခိုင်အမာ ပြောဆိုထားသည်။ ၄း၁၁ တွင် "ကဲ့ရဲ့ခြင်း" ကို သူ ရှုတ်ချထားသည်။ ၅း၉ တွင်မူ “အချင်းချင်း ငြင်းပြစ်တင်ခြင်း မပြုရန်” ယာကုပ် ပညတ်ထားသည်။ ထိုအစား ၅း၁၆ အရ သူတို့သည် “အချင်းချင်း အပြစ်ဖော်ပြတောင်းပန်ပြီး အချင်းချင်းအတွက် ဆုတောင်းပေးကြရမည်” ဖြစ်သည်။

ယာကုပ် ပရိသတ်ထဲမှ ယုံကြည်သူတို့သည် အထက်မှ လာသော ပညာကို ပြလိုပါက ဘုရားသခင့် ပညတ်တော်စံနှုန်းများနှင့် အညီ မိမိတို့ကိုယ်မိမိတို့ ဆက်ကပ် အပ်နှံကြလိမ့်မည် ဖြစ်သည်။ ထို့ပြင် ဘုရားသခင့် ပညတ်တော်သည် အချင်းချင်းကြား သူတို့ ထားရှိရမည့် ချစ်ခြင်းမေတ္တာ အပေါ် ဦးစားထားကြောင်း အပြည့်အဝ သိမှတ်လျက် ဤအရာကို သူတို့ လုပ်ဆောင်ကြမည်လည်း ဖြစ်သည်။

ယခုတွင်လက်တွေ့ဉာဏ်ပညာအပေါ် ယာကုပ် အလေးပေးချက်က သူ့ပရိသတ် လိုအပ်ချက်ကို မည်သို့ ဖြေရှင်းပြီး လမ်းညွှန်မှုပေးခဲ့ကြောင်း ကျွန်ုပ်တို့ တွေ့ခဲ့ကြပြီးဖြစ်၍ ယုံကြည်ခြင်းနှင့် လက်တွေ့ ဉာဏ်ပညာတို့အကြား မည်သို့ ဆက်နွယ်သည် ဆိုသည့် ပြဿနာကို လေ့လာကြပါမည်။ ၎င်းသည် သူတင်ပြထားသော တတိယမြောက် အဓိကပြဿနာ ဖြစ်သည်။

# ယုံကြည်ခြင်း

ခရစ်ယာန် ယုံကြည်ခြင်းတရား၌ ဗဟို အချက်အချာကျသော အရာတစ်ခု ရှိသည်ဆိုလျှင် ၎င်းသည် ယုံကြည်ခြင်း ဖြစ်ရပါလိမ့်မည်။ ခရစ်ယာန်ယုံကြည်ခြင်းတရားကို "ကျွန်ုပ်တို့၏ ယုံကြည်ခြင်း" အဖြစ် ကျွန်ုပ်တို့ ပြောဆိုလေ့ ရှိသည်။ ခရစ်တော်ကို ကျွန်ုပ်တို့ ယုံကြည်ခြင်း၏ အကြောင်းအရာအဖြစ် ကျွန်ုပ်တို့ ပြောဆိုလေ့ ရှိသည်။ ယုံကြည်ခြင်းသက်သက်အားဖြင့် ဖြောင့်မတ်ရာသို့ ရောက်ခြင်း ဟူသော ပရိုတက်စတင့် ဩဝါဒ သွန်သင်ချက်ကို ကျွန်ုပ်တို့ အခိုင်အမာ လက်ခံထားကြသည်။ ယနေ့ ကျွန်ုပ်တို့ ဝန်ခံသိမှတ်သော ယုံကြည်ခြင်း၏ ပေါ်လွင်ထင်ရှားမှုသည် ဓမ္မသစ်ယုံကြည်ခြင်း၏ အချက်အချာကျမှု၌ အမြစ်တွယ်သည်။ ယုံကြည်ခြင်းသည် ပထမ ရာစုနှစ် ခရစ်ယာန်ယုံကြည်ခြင်းတရား အတွက် ဗဟိုအချက်အချာလည်း ကျခဲ့သည်။ ဤအကြောင်းကြောင့်ပင် သူ့ပရိသတ် အတွက် လက်တွေ့ဉာဏ်ပညာ အရေးကြီးပုံကို ပရိသတ်စိတ်ထဲ စွဲကျန်အောင်ပြုရာ၌ ယုံကြည်ခြင်း ကိစ္စကို သူဖော်ထုတ်ခဲ့ခြင်း ဖြစ်သည်။

လက်တွေ့ဉာဏ်ပညာနှင့် ယုံကြည်ခြင်းတို့ ဆက်နွယ်ရာ နည်းလမ်း နှစ်ခုမျှကိုသာ ဖော်ပြဖို့ ကျွန်ုပ်တို့မှာ အချိန် လုံလောက်ပါလိမ့်မည်။ ပထမဦးစွာ ယုံကြည်ခြင်းနှင့် အကျင့်တို့ မည်သို့ ဆက်နွယ်ကြောင်း ယာကုပ် ရှင်းပြသည်။ ထို့နောက် ဒုတိယအားဖြင့် ယုံကြည်ခြင်းနှင့် ဖြောင့်မတ်ရာသို့ ရောက်ခြင်းတို့ မည်သို့ ဆက်နွယ်ကြောင်း ယာကုပ် ရှင်းပြသည်။ ယုံကြည်ခြင်းနှင့် အကျင့်တို့အား သူ မည်သို့ ကိုင်တွယ်ဖြေရှင်းခဲ့သည်ကို ဦးစွာ ကြည့်ကြပါစို့။

## ယုံကြည်ခြင်းနှင့် အကျင့်

၂း၁၄ တွင် သူ့ဆွေးနွေးချက်အား တဲ့တိုး မေးခွန်းတစ်ခုဖြင့် ယာကုပ် အစပြုသည်။

> ငါ့ညီအစ်ကိုတို့၊ တစ်စုံတစ်ယောက်သောသူက ငါသည် ယုံကြည်ခြင်းရှိ၏ ဟု ပြောလျက် အကျင့်ကို မကျင့်ဘဲနေလျှင် အဘယ်အကျိုး ရှိသနည်း။ ထိုယုံကြည်ခြင်းသည် ထိုသူကို ကယ်တင်နိုင်သလော။ (ယာကုပ် ၂း၁၄)။



ဗီဒီယိုများ၊ သင်ခန်းစာ လမ်းညွှန်များ နှင့် အခြား အရင်းအမြစ်များအတွက် thirdmill.org တွင် သာ့ဒ်မစ်လ်ကို ဝင်ကြည့်နိုင်ပါသည်။

ယာကုပ် မေးခွန်းအတွက် အဖြေမှာ "မကယ်နိုင်" ဟုသာ ဖြစ်ပါသည်။ အကျင့် နှင့် မယှဉ်သော ယုံကြည်ခြင်းသည် မကယ်တင်နိုင်ပါ။

"ယုံကြည်ခြင်း" သို့မဟုတ် "ယုံကြည်မှုပြုသည်" ဟူသော စကားလုံးသည် *ပစ်စ်တစ်* နှင့် *ပစ်စ်တီယူအိုး* ဟူသော ဂရိ နာမ်နှင့် ကြိယာတို့မှ ပြန်ဆို ဖြစ်သည်။ ဤဝေါဟာရ မိသားစုသည် ဓမ္မသစ်ထဲတွင် အကြိမ်ရေ ရာချီပြီး ပါရှိသည်။ သို့သော် အင်္ဂလိပ်စကား၌ ရှိသော "ယုံကြည်ခြင်း" နှင့် "ယုံကြည်မှုပြုသည်" တို့နှင့် များစွာ အလားတူပင် အဆိုပါ စကားလုံးတို့သည် ကွဲပြားခြားနားသော သဘောအယူအဆများစွာ အဓိပ္ပာယ်ထွက်နေကြသည်။

အနည်းငယ် သာဓက ဆောင်ရမည်ဆိုပါက တစ်ခါတစ်ရံ ဓမ္မသစ်တွင် ယုံကြည်ခြင်း နှင့် ယုံကြည်မှုပြုသည် ဆိုသည့် စကားလုံးတို့သည် တစ်စုံတစ်ခု မှန်ကန်ကြောင်း အသိပိုင်းဆိုင်ရာ သဘောတူညီမှုမျှလောက်ကိုသာ ဖော်ညွှန်းသည်။ အကြိမ်များစွာ၌ ၎င်းတို့သည် ယာယီ တစ်ခဏ ထောက်ခံအားပေးမှုများကို ရည်ညွှန်းသည်။ အခြားသော အချိန်အခါများတွင်မူ ၎င်းတို့သည် ဓမ္မပညာရှင်များအခေါ် "ကယ်တင်ခြင်းနှင့် ယှဉ်သော ယုံကြည်ခြင်း" ကို ရည်ညွှန်းသည်။ ကယ်တင်ခြင်းနှင့် ယှဉ်သော ယုံကြည်ခြင်းသည် စိတ်နှလုံး တစ်လုံးတစ်ဝပါရှိပြီး ကယ်တင်ခြင်းသို့ ရောက်ရာလမ်းအဖြစ် ခရစ်တော်ကို တစ်သက်တာ ခိုလှုံကိုးစားအပ်နှံမှု၊ အမှီသဟဲ ပြုခြင်းပင် ဖြစ်သည်။ "ယုံကြည်ခြင်း" နှင့် "ယုံကြည်မှုပြုသည်" တို့သည် အဓိပ္ပာယ်အမျိုးမျိုး ရှိနိုင်ကြောင်း ယာကုပ် ဝန်ခံထားသည်။ ထို့ကြောင့်ပင် သူတို့၌ ရှိသော ယုံကြည်ခြင်း အမျိုးအစားကို ဆန်းစစ်ရန် သူ့ပရိသတ်ကို သူတိုက်တွန်းရခြင်း ဖြစ်သည်။ ဥပမာဆိုသော် ၂း၁၉ တွင် ဂျူးခရစ်ယာန် ပရိသတ်တို့အား အောက်ပါ စကားများဖြင့် ယာကုပ် စိမ်ခေါ် ခဲ့သည်။

> ဘုရားသခင်တစ်ဆူတည်းရှိသည်ဟု သင်သည်ယုံ၏။ ကောင်းပေ၏။
> နတ်ဆိုးတို့သည် ယုံ၍ ကြောက်ရွံ့ တုန်လှုပ်ကြ၏ (ယာကုပ် ၂:၁၉)။

ဘုရားသခင် တစ်ဆူတည်း ရှိကြောင်း သူ့ပရိသတ်တို့ ယုံကြည်သည်ကို ယာကုပ် ဝန်ခံသည့်အခါ *ပစ်စ်တီယူအိုး* ဟူသော ကြိယာဖြင့် *ရှေမာ* ဟုခေါ်ဆိုကြသော ဝန်ခံချက်ကို သူ ကိုးကားခဲ့သည်။ တရား ၆း၄ တွင်ပါသည့် ရှေး ဓမ္မဟောင်း ယုံကြည်ဝန်ခံချက်က ကျွန်ုပ်တို့အား "အို ဣသရေလအမျိုး၊ နားထောင်လော့။ ငါတို့ ၏ ဘုရားသခင် ထာဝရဘုရားသည် တစ်ဆူတည်းသော ထာဝရ ဘုရား ဖြစ်တော်မူ၏" ဟု ပြောပြသည်။ ယာကုပ်၏ ရှုထောင့် အမြင်အရ ဆိုလျှင် အဆိုပါ အချက်အလက်ကို သူ့ပရိသတ်တို့၏ အသိပိုင်းဆိုင်ရာ သဘောတူညီချက်သည် ကောင်းပါပေသည်။ သို့သော် ဤအချက် ကောင်းသလောက် ဤ ယုံကြည်ခြင်း (ဝါ) ယုံကြည်ချက်သည် လုံလောက်လိမ့်မည် မဟုတ်၊ အကြောင်းမှာ "နတ်ဆိုးများပင်လျှင် ထိုသို့ ယုံကြသောကြောင့်" ဖြစ်သည်။ အမှန်ဆိုရလျှင် ထိုအကြောင်းကို စဉ်းစားမိသည့်အခါ နတ်ဆိုးတို့သည် ကြောက်စိတ်ဖြင့် တုန်ပင် တုန်ကြသည်။ သို့သော် ၎င်းသည် သူတို့အတွက် အကျိုးမဖြစ်ထွန်းစေနိုင်ပေ။ နာခံခြင်း မပါသော အသိပိုင်း ဆိုင်ရာ သဘောတူညီချက်သည် ကယ်တင်ခြင်းနှင့် ယှဉ်သော ယုံကြည်ခြင်းမျိုး မဟုတ်ပါ။ သို့တည်းမဟုတ် ၂း၂၆ တွင် ယာကုပ် လိုရင်းဖော်ပြထားသည်မှာ



ဗီဒီယိုများ၊ သင်ခန်းစာ လမ်းညွှန်များ နှင့် အခြား အရင်းအမြစ်များအတွက် thirdmill.org တွင် သာ့ဒ်မစ်လ်ကို ဝင်ကြည့်နိုင်ပါသည်။

ဝိညာဉ်နှင့် ကင်းသော ခန္ဓာကိုယ်သည် အသေဖြစ်သကဲ့သို့ အကျင့်နှင့် ကင်းသော ယုံကြည်ခြင်းသည် အသေဖြစ်၏ (ယာကုပ် ၂း၂၆)။

ယုံကြည်ခြင်းနှင့် အကျင့် ဆိုင်ရာ ဤအခြေခံသဘောအယူအဆကို ထည့်စဉ်းစားရင်း ယုံကြည်ခြင်းနှင့် ဖြောင့်မတ်ရာသို့ ရောက်ခြင်းတို့အကြောင်း ယာကုပ် ကိုင်တွယ်ဖြေရှင်းပုံကိုလည်း ကျွန်ုပ်တို့ ဖော်ပြသင့်ပါသည်။

## ယုံကြည်ခြင်းနှင့် ဖြောင့်မတ်ရာသို့ ရောက်ခြင်း

မည်သူသည် ဖြောင့်မတ်ရာသို့ ရောက်ပါသနည်း၊ ဘုရားသခင့် ရှေ့၌ မည်သူသည် ဖြောင့်မတ်သောသူ ဖြစ်ပါသနည်း ဆိုသည့် မေးခွန်းသည် ယာကုပ်၏ အချိန်ကာလက ဂျူးဘာသာရေး ဆရာများအကြား အတော်လေး အငြင်းပွားစရာ ကိစ္စတစ်ရပ် ဖြစ်ခဲ့သည်။ ၎င်းသည် ပထမရာစုနှစ် အသင်းတော်အတွက်လည်း အဓိက ကျသည့် ကိစ္စတစ်ရပ် အဖြစ် ဆက်ရှိနေခဲ့သည်။ မည်သူသည် ဖြောင့်မတ်ရာသို့ ရောက်သည်ဟု မှတ်ယူခံရပါသနည်း။ မည်သူသည် ဖြောင့်မတ်သောသူ ဖြစ်သည်ဟု ရှုမြင်ခံရပါသနည်း။ ၂း၂၁-၂၄ တွင် အဆိုပါ မေးခွန်းတို့အား ယခုလို ယာကုပ် ဖြေထားသည်။

ငါတို့ အဘ အာဗြဟံသည် မိမိသား ဣဇာက်ကို ယဇ်ပလ္လင်ပေါ်မှာ တင်လှူပူဇော်သောအခါ အကျင့်အားဖြင့် ဖြောင့်မတ်ရာသို့ ရောက်သည်မဟုတ်လော။ လူသည် ယုံကြည်ခြင်းအားဖြင့်သာ ဖြောင့်မတ်ရာသို့ ရောက်သည်မဟုတ်၊ အကျင့်အားဖြင့် ရောက်သည်ကို သင်တို့ သိမြင်ရကြ၏ (ယာကုပ် ၂း၂၁-၂၄)။

ဤနေရာတွင် ဂရိ ကြိယာ *ဒီကိုင်းယိုး* ကိုသုံးပြီး ဖြောင့်မတ်ရာသို့ ရောက်ခြင်း အကြောင်းကို ယာကုပ်ပြောပြထားသည်။ *ဒီကိုင်းယိုး* သည် “ဖြောင့်မတ်သည်ဟု ကြေညာသည်" "ဖြောင့်မတ်စေသည်" သို့မဟုတ် "ဖြောင့်မှန်ကြောင်း သက်သေထူသည်” ဟု ဆိုလိုသည်။ ကမ္ဘာ ၂၂ အရ အာဗြဟံသည် မိမိသား ဣဇာက်ကို ယဇ်အဖြစ် ပူဇော်ခြင်း အမှုတည်းဟူသော အကျင့်အားဖြင့် ဖြောင့်မတ်ရာသို့ ရောက်သည် သို့မဟုတ် ဖြောင့်မတ်သောသူဖြစ်ကြောင်း သက်သေထူခြင်းကို ခံရကြောင်း သူတင်ပြခဲ့သည်။ ထို့ကြောင့် ဤအခြေခံအရ ယုံကြည်ခြင်း တစ်ခုတည်းဖြင့် မည်သူမျှ ဖြောင့်မတ်ရာသို့ မရောက် (ဝါ) ဖြောင့်မှန်သည်ဟု သက်သေထူခြင်း မခံရနိုင်ကြောင်း သူ ကောက်ချက်ချခဲ့သည်။ ဖြောင့်မတ်သောသူ အဖြစ် ဘုရားသခင် လက်ခံတော်မူခြင်းကို ခံရသူတိုင်းသည် အကျင့်အားဖြင့် ဖြောင့်မတ်ရာသို့ ရောက်ကြသည်။

ယာကုပ်၏ ဖော်ပြချက်သည် အခြေခံအားဖြင့် တမန်တော် ပေါလု သွန်သင်သော ဖြောင့်မတ်ရာသို့ ရောက်ခြင်း အကြောင်းနှင့် ဆန့်ကျင်နေပုံရသဖြင့် ရာစုနှစ်များစွာ တစ်လျှောက် အငြင်းအခုံ အမျိုးမျိုး ပေါ်ပေါက်လာစေခဲ့သည်။ ၂း၂၄ တွင် ယာကုပ်က



ဗီဒီယိုများ၊ သင်ခန်းစာ လမ်းညွှန်များ နှင့် အခြား အရင်းအမြစ်များအတွက် thirdmill.org တွင် သဘ်မစ်လ်ကို ဝင်ကြည့်နိုင်ပါသည်။

> လူသည် ယုံကြည်ခြင်းအားဖြင့်သာ ဖြောင့်မတ်ရာသို့ ရောက်သည်မဟုတ်၊ အကျင့်အားဖြင့် ရောက်သည်ကို သင်တို့ သိမြင်ရကြ၏ (ယာကုပ် ၂း၂၁-၂၄) ဟု ဆိုခဲ့သည်။

၎င်းနှင့် ဆန့်ကျင်ကွဲလွဲစွာပင် တမန်တော် ပေါလုက ဂလာတိ ၂း၁၆ ၌ ဆိုထားသည်မှာ

> လူတို့သည် ပညတ်တရား၏ အကျင့်အားဖြင့် ဖြောင့်မတ်ရာသို့ မရောက် (ဂလာတိ ၂း၁၆)။

အမှန်တွင်မူ ဤနေရာတွင် ဆန့်ကျင်ကွဲလွဲမှု မရှိနေပါ။ ထိုအစား ယာကုပ်နှင့် ပေါလုတို့သည် တူညီသော ဂရိစကားလုံး *ဒီကိုင်းယိုး* (ဝါ) ဖြောင့်မတ်ရာသို့ ရောက်သည် ဆိုသည်ကို မတူသော ပုံစံနှစ်မျိုးဖြင့် အသုံးပြုထားခဲ့ခြင်းသာဖြစ်သည်။ ပေါလု၏ ပုံစံကျ ဓမ္မပညာဝေါဟာရ အသုံးအနှုန်းအရ သူသည် "ဖြောင့်မတ်ရာသို့ရောက်သည်" ဆိုသည့် စကားလုံးကို တစ်ခုတည်းသော အရာအတွက်သာ အမြဲလို သီးသန့် သုံးခဲ့သည်။ ရှင်ပေါလုအတွက် "ဖြောင့်မတ်ရာသို့ ရောက်ခြင်း" ဆိုသည်မှာ ခရစ်တော်၌ ကယ်တင်ခြင်းနှင့် ယှဉ်သော ယုံကြည်ခြင်းရှိသမျှသောသူတို့သည် ခရစ်တော်၏ ဖြောင့်မတ်ခြင်း ကူးစက်ယိုးစွပ်ခံရသောကြောင့် ခရစ်တော်ကဲ့သို့ ဖြောင့်မတ်သွားပြီဟု ကနဦး မှတ်ယူကြေညာခံရခြင်းကို ဆိုလိုသည်။

သို့သော် ယာကုပ်ကမူ ဖြောင့်မတ်ရာသို့ ရောက်ခြင်းအကြောင်းအား မတူခြားနားသောပုံစံဖြင့် ရှင်းပြခဲ့သည်။ "မှန်ကန်ကြောင်း သက်သေပြခံရသည်" သို့မဟုတ် "ဖြောင့်မှန်ကြောင်း သက်သေထူခံရသည်" ဟု ဆိုလိုသော ဝေါဟာရ *ဒီကိုင်းယိုး* ကို ယာကုပ် သုံးထားသည်။ ပထမအားဖြင့် လူသည် ကယ်တင်ခြင်းနှင့် ယှဉ်သော ယုံကြည်ခြင်း ရှိသည့်အခါ ခရစ်တော်၏ ဖြောင့်မတ်ခြင်း ကနဦး ကူးစက်ယိုးစွပ်ခံရမှု ရှိသည် ဆိုသည့်အချက်ကို သူ မငြင်းခဲ့ပေ။ သို့သော် ယာကုပ်အတွက်မှာမူ *ဒီကိုင်းယိုး* ဆိုသည့် ဝေါဟာရသည် သခင်ယေရှုကို ယုံကြည်ဝန်ခံပြီးသည့်နောက် ထိုသူ / သူမ အသက်တာ၌ သန့်ရှင်းသော ဝိညာဉ်တော် အမှုတော်အားဖြင့် "မှန်ကန်ကြောင်း သက်သေပြခံရသူ" သို့မဟုတ် "ဖြောင့်မှန်ကြောင်း သက်သေထူခံရသူ" အတွက်သာ အကျုံးဝင်သည်။ ယာကုပ်အမြင်မှ ကြည့်လျှင် ဝိညာဉ်တော် အစွမ်းတန်ခိုးပေးမှုသည် ခရစ်တော်အပေါ် သစ္စာရှိစွာ ဆက်ကပ်မှုဆီသို့ ဦးဆောင်သွားသည်။ လူသည် မည်သို့ပင် ဟစ်ကြွေးနေပါစေ၊ ကောင်းသောအကျင့်အားဖြင့် သူတို့ ယုံကြည်ခြင်းကို ထင်ရှားဖော်ပြခြင်းမရှိပါလျှင် သူတို့သည် အဆုံး၌ ဖြောင့်မှန်ကြောင်း သက်သေထူခံရလိမ့်မည်မဟုတ်ပေ။ သို့ဖြစ်၍ ယာကုပ်သည် သူ့ပရိသတ်တို့အတွက် လက်တွေ့ ဉာဏ်ပညာအရေးကြီးပုံကို မီးမောင်းထိုးပြရန် နည်းလမ်းတစ်ခုအနေဖြင့် ယုံကြည်ခြင်းနှင့် ဖြောင့်မတ်ရာသို့ရောက်ခြင်းတို့ အကြား မည်သို့ ဆက်နွယ်ကြောင်း ပြောခဲ့ခြင်း ဖြစ်သည်။

> ယုံကြည်ခြင်းသက်သက်ဖြင့် ဖြောင့်မတ်ရာသို့ ရောက်ခြင်း သွန်သင်ချက်အပေါ် ရှင်ပေါလုနှင့် ရှင်ယာကုပ်တို့အကြား ပဋိပက္ခသဘော ရှုမြင်ရချက်သည် အမှန်အားဖြင့် ယာကုပ်ဩဝါဒစာထဲတွင် အဓိကပြဿနာ ဖြစ်သည်ဟု



ဗီဒီယိုများ၊ သင်ခန်းစာ လမ်းညွှန်များ နှင့် အခြား အရင်းအမြစ်များအတွက် thirdmill.org တွင် သာ့ဒ်မစ်လ်ကို ဝင်ကြည့်နိုင်ပါသည်။

ကျွန်ုပ်ထင်ပါသည်။ ၎င်းသည် မမျှော်လင့်ဘဲ ပေါ်လာသည်။ ထိုစာအုပ်ထဲ ပါသည့် အခြားအကြောင်းအရာများထက် ဤသီးသန့် ကိစ္စအပေါ်တွင် အကြီးအကျယ် မင်ကုန်ခံရေးသားခဲ့ကြပြီး ဖြစ်ပါလိမ့်မည်။ ပထမဦးစွာ ဂရိစကားလုံး ဒီကိုင်းယိုး သည် တစ်ခါတစ်ရံ "ဖြောင့်မတ်ရာသို့ ရောက်စေသောအပြုအမူ" ဟုလည်း ဆိုလိုကြောင်း ကျွန်ုပ် ပြောလိုပါသည်။ အလွယ်ဆုံး ရှင်းပြရလျှင် ဖြောင့်မတ်ရာသို့ ရောက်ခြင်းသည် အခြေခံအားဖြင့် ဒင်္ဂါးတစ်ပြားတည်း၏ မျက်နှာစာနှစ်ဖက်ကဲ့သို့ ဖြစ်သည်။ တစ်ဖက်တွင် သင့်အတွက် ခွင့်လွှတ်ခြင်း ရှိသည်။ ဘုရားသခင်သည် ကျွန်ုပ်တို့အား အပြစ်မှ ခွင့်လွှတ်သည်။ ထိုအရာသည် အနှုတ်သဘော မျက်နှာစာ ဖြစ်သည်။ အခြားတစ်ဖက်တွင်မူ သင့်အတွက် အပေါင်းသဘော မျက်နှာစာ ရှိသည်။ ၎င်းသည် ဖြောင့်မတ်ခြင်းကူးစက် ယိုးစွပ်ခံရခြင်း ဖြစ်သည်။ ထိုသို့ ဆိုပါက "သင်သည် ကျွန်ုပ်ရှေ့တွင် ဖြောင့်မတ်ရာသို့ ရောက်ရှိသည်" ဟူသော ထို ကြေညာချက် ရှိလာပြီဖြစ်သည်။ ထို့ကြောင့် ကျွန်ုပ်တို့သည် ယုံကြည်ခြင်းအားဖြင့် ဖြောင့်မတ်ရာသို့ ရောက်ရှိကြသည်။ ထိုအရာသည် ဖြောင့်မတ်ရာသို့ရောက်သည် ဆိုသည့် စကားလုံး၏ သုံးနှုန်းပုံ တစ်ခု ဖြစ်သည်။ အခြားတစ်ဖက်တွင်မူ ဖြောင့်မတ်ရာသို့ရောက်သည် ဆိုသည့်စကားလုံးအား ဖြောင့်မှန်ကြောင်း သက်သေထူသည် သို့မဟုတ် ဖြောင့်မတ်သောသူဖြစ်ကြောင်း ပြသခံရသည် ဟူသော အဓိပ္ပာယ်ဖြင့်လည်းကျွန်ုပ်တို့ သုံးစွဲနိုင်သည်။ သို့ဖြစ်ပါက တမန်တော် ရှင်ပေါလုသည် ၎င်းစကားလုံးအား ဥပဒေကြောင်း ရှုထောင့်မှ အသုံးပြုနေခြင်းဖြစ်ပြီး ၎င်းစကားလုံးအား အကျင့်အားဖြင့် သာဓကပေးခြင်းသဘော တနည်းဆိုရလျှင် ဖြောင့်မတ်ကြောင်း ထင်ရှားပြမှု တစ်ခုအနေဖြင့် အသုံးပြုသည့် တမန်တော် ယာကုပ်လို ပုဂ္ဂိုလ်မျိုးလည်း ကျွန်ုပ်တို့မှာ ရှိနေသည်။ သို့ဖြစ်၍ ကျွန်ုပ်တို့ အကျဉ်းချုပ်ရမည် ဆိုပါက ၎င်းသည် ဤသို့ ဖြစ်ပါလိမ့်မည်။ ဖြောင့်မတ်ရာသို့ ရောက်ရှိခြင်းကို ပေါလုသုံးစွဲပုံသည် ယုံကြည်ခြင်းကို ရှေ့တန်းတင်ပြောဆိုခြင်းဖြစ်ပြီး ဖြောင့်မတ်ရာသို့ ရောက်ရှိခြင်းကို ယာကုပ် ရှုမြင်ချဉ်းကပ်ပုံသည် ပြောင်းလဲပြီးနောက် အခြေအနေ သို့မဟုတ် ယုံကြည်ခြင်း၏ အထောက်အထားသက်သေ နှင့် သက်ဆိုင်သည်။ ထို့ကြောင့် ယာကုပ်၏ မေးခွန်းမှာ "မည်သူ့ကို ဖြောင့်မတ်သောသူဟု ယူဆသင့်ပါသနည်း။ ဘုရားသခင်ကို ယုံကြည်ပါသည်ဟု ဆိုသောသူ သို့မဟုတ် ဘုရားသခင်၌ မိမိ၏ ဝန်ခံချက်နှင့် ယုံကြည်ခြင်းကို အခြေခံ၍ အသက်ရှင်နေပါသည်ဟု ဆိုသူလော။ ယာကုပ်နှင့် ပေါလုတို့ နှစ်ဦးလုံးအတွက် ယုံကြည်ခြင်းသည် မလုပ်မဖြစ် လုပ်ငန်း လုပ်ဆောင်ရပါမည်။ ကျွန်ုပ်နောက်တဖန် ထပ်ပြောပါရစေ။ ယုံကြည်ခြင်းသည်



ဗီဒီယိုများ၊ သင်ခန်းစာ လမ်းညွှန်များ နှင့် အခြား အရင်းအမြစ်များအတွက် thirdmill.org တွင် သာ့ဒ်မစ်လ်ကို ဝင်ကြည့်နိုင်ပါသည်။

> အလုပ်လုပ်ဆောင်ရပါမည်။ ၎င်းသည် အကျိုး ရလာဒ် ထွက်ပေါ်စေရပါမည်။ ၎င်းကို တွေ့မြင်နိုင်ရပါမည်။ ပါးစပ်က ပြောသည့် ယုံကြည်ခြင်းသည် မလုံလောက်ပါ။ စိတ်ထဲက ယုံကြည်ခြင်းလည်း မပြည့်စုံပါ။ ယုံကြည်ခြင်းဟူသည် လက်တွေ့ အပြုအမူဆီ ဦးတည် ရွေ့လျားသွားရပါမည်။ ၎င်းသည် စုံစမ်းနှောင့်ယှက်ခြင်းတို့ကို ဖွဲ့နှင့် ဖြတ်သန်းတတ်သည်။ ဘုရားသခင့် နှုတ်ကပတ်တော်ကို နာခံတတ်သည်။ လက်တွေ့ကျင့်ဆောင်သူများကို ပေါ်ထွန်းစေသည်။ မျက်နှာသာလိုက်ခြင်း မရှိစေဘဲ နှုတ်လျှာကို ထိန်းချုပ်သည်။ အလိမ္မာနှင့် ပြုမူဆောင်ရွက်သည်။ မာရ်နတ်ကို ဆီးတားရန် ခွန်အားပေးသည်။ ဤနေရာတွင် အရေးကြီးဆုံး ဆိုရလျှင်မူ သခင်ဘုရား ပြန်လည်ကြွဆင်းလာမည်ကို သည်းခံ စောင့်ဆိုင်းတတ်ခြင်းပင် ဖြစ်သည်။ သို့ဆိုပါက ယာကုပ်နှင့် ပေါလု နှစ်ဦးလုံးသည် တစ်ခုတည်းသောအရာကိုသာ တစ်သွေမတိမ်း သွန်သင်ခဲ့ကြခြင်းပင် ဖြစ်တော့သည်။

**ဒေါက်တာ Larry J. Waters**

ဤစည်းမျဉ်းကို ၂း၁၅-၁၇ ၌ ယာကုပ် အသုံးပြုခဲ့သည့် ပုံစံ နားထောင်ကြည့်ပါ။

> ညီအစ်ကို နှမတို့သည် အဝတ်အချည်းစည်း ရှိ၍ နေ့တိုင်းစားရသောအစာ မရှိဘဲ ဖြစ်နေသည် ဆိုကြပါစို့။ ထိုသူတို့အား သင်တို့ တစ်ယောက်ယောက်က "ငြိမ်ဝပ်စွာ သွားကြလော့၊ နွေးကြလော့၊ ဝကြလော့" ဟု ပြောလျက် သူတို့ကိုယ်နှင့် တော်လျော်သော အသုံးအဆောင်ကို မပေးဘဲနေလျှင် အဘယ်အကျိုး ရှိသနည်း။ ထိုနည်းတူ အကျင့်နှင့်ကင်းသော ယုံကြည်ခြင်းသည် တပါးတည်း ရှိသောကြောင့် အသေဖြစ်၏ (ယာကုပ် ၂း၁၅-၁၇)

သူပြောလိုသည့်အချက်ကို ဤထက် ပိုခိုင်ခံ့အောင် ယာကုပ်ပိုလုပ်နိုင်ခဲ့ဖွယ် မရှိတော့ပါ။ သူ့ ပရိသတ်သည် ဘုရားသခင့် ပညတ်တရားတော် အထူးသဖြင့် အချင်းချင်း ချစ်ရန် ပညတ်တော်ကို လက်တွေ့နာခံခြင်းဖြင့် သူတို့၏ အသင်းတော်များအတွင်း ဖြစ်ပျက်နေသည့် ရုန်းရင်းခတ်မှုများကို ကိုင်တွယ်ဖြေရှင်းရန် လိုအပ်နေခဲ့သည်။ သူတို့၏ ယုံကြည်ခြင်းအကြောင်း ဘာတွေ သူတို့ ကြွေးကြော် ပြောဆိုနေပါစေ၊ လက်တွေ့ကျသော ချစ်ခြင်းမေတ္တာနှင့် ယှဉ်သည့် ကောင်းသော အကျင့်များမပါဘဲ ဘုရားသခင့် ရှေ့တော်၌ ဖြောင့်မတ်သောသူဖြစ်ကြောင်း သူတို့ သက်သေထူခြင်း ခံရမည် မဟုတ်ပါ။



ဗီဒီယိုများ၊ သင်ခန်းစာ လမ်းညွှန်များ နှင့် အခြား အရင်းအမြစ်များအတွက် thirdmill.org တွင် သာ့ဒ်မစ်လ်ကို ဝင်ကြည့်နိုင်ပါသည်။

# နိဂုံး

ဤသင်ခန်းစာထဲတွင် ယာကုပ် ဩဝါဒစာစောင်ပါ ဉာဏ်ပညာလမ်းစဉ် နှစ်ခုကို ကျွန်ုပ်တို့ လေ့လာခဲ့ကြပြီး ဖြစ်သည်။ ယာကုပ်သည် သူ့ပရိသတ်၏ တွေးခေါ်ဉာဏ်ပညာလိုအပ်ချက်အပေါ် မီးမောင်းထိုးပြခြင်း၊ လမ်းညွှန်မှုပေးခြင်း၊ တွေးခေါ်ဉာဏ်ပညာနှင့် ယုံကြည်ခြင်းတို့အကြား ဆက်နွယ်မှု ပြပေးသောအားဖြင့် သူ့ပရိသတ်အား တွေးခေါ်ဉာဏ်ပညာဆီသို့ မည်သို့ညွှန်ပြခဲ့ကြောင်း ကျွန်ုပ်တို့ တွေ့ခဲ့ကြပြီး ဖြစ်ပါသည်။ ထို့ပြင် သူ့ပရိသတ်တို့၏ လက်တွေ့ဉာဏ်ပညာလိုအပ်ချက်ကို ပြပေးခြင်း၊ ဘုရားသခင်နှင့် သူ့လူတို့အား သစ္စာရှိစွာ၊ နှိမ့်ချစွာ အလုပ်အကြွေးပြုသည့်အနေနှင့် ဘုရားသခင့် သမ္မာတရားကို အသုံးချရန် ဦးဆောင်လမ်းပြခြင်းတို့ဖြင့် လက်တွေ့ကျသော ဉာဏ်ပညာကို လိုက်စားရှာဖွေလာစေရန် သူ့ပရိသတ်ကို ယာကုပ် မည်သို့ဦးဆောင်ခဲ့သည်ကိုလည်း ကျွန်ုပ်တို့ လေ့လာခဲ့ကြပြီး ဖြစ်သည်။

ပထမ ရာစုနှစ် ခရစ်ယာန်တို့အား ဉာဏ်လမ်းစဉ် နှစ်ခုနောက် လိုက်ကြဖို့ ယာကုပ် ပန်ကြား ဖိတ်ခေါ် ခဲ့သည်။ ယနေ့ သင်နှင့် ကျွန်ုပ်အတွက်လည်း ထိုနည်းနှင်နှင် မှန်ကန်ရပေလိမ့်မည်။ တွေးခေါ် ဉာဏ်ပညာကိုရော လက်တွေ့ဉာဏ်ပညာကိုပါ ကျွန်ုပ်တို့လည်း လိုအပ်ကြပါသည်။ ဘုရားသခင့် အထံတော်မှ အဆိုပါ ဆုလက်ဆောင်များ ခံယူရရှိရန်အတွက် ယာကုပ် ကမ်းလှမ်းထားသော လမ်းညွှန်မှုဆီ ကျွန်ုပ်တို့ကိုယ် ကျွန်ုပ်တို့ ဆက်ကပ်အပ်နှံကြရပါမည်။ ထို့ပြင် ထိုသို့ လုပ်ဆောင်ကြရာတွင်လည်း ဘုရားသခင့်ထံ ယုံကြည်ခြင်းနှင့် ရည်စူးမှု အပြည့်အဝဖြင့် လုပ်ဆောင်ခြင်းမျိုး မုချမသွေ ဖြစ်ကြရပါမည်။ မြေကြီးပညာလမ်းစဉ်ကို ကျွန်ုပ်တို့ လွယ်လင့်တကူ လိုက်စားနိုင်သည့် အချိန်ကာလတွင် ယာကုပ်စာစောင်ကို ကျွန်ုပ်တို့ နှလုံးထဲ စွဲမြဲပြီး ဘုရားသခင်ထံတော်မှ လာသော ဉာဏ်ပညာ လမ်းစဉ်ကို လိုက်ကြရမည် ဖြစ်ပါတော့သည်။



ဗီဒီယိုများ၊ သင်ခန်းစာ လမ်းညွှန်များ နှင့် အခြား အရင်းအမြစ်များအတွက် thirdmill.org တွင် သာ့ဒ်မစ်လ်ကို ဝင်ကြည့်နိုင်ပါသည်။